ပထမံ

# စယဝိဇ္ဇာ

## သိဒ္ဓိပေါက်ကျင့်စဉ်

ဆရာအောင်

# ပထမံ

# စဖ ဓိဋ္ဌာ

# သိဒ္ဓိပေါက်ကျင့်စဉ်

# ဤစာအုပ်

ပထမမွဲ့ဝိဇ္ဇာသိဒ္ဓိပေါက်ကျင့်စဉ် စာအုပ်သည် တစ်ဘာသာ ထူးခြားသော စာအုပ်ဖြစ်၍နေပါသည်။

အကြောင်းကို ပြောရရေးရလျှင် လူတိုင်း သိဖူး ကြားဖူး ဖတ်ဖူးသော သိဒ္ဓိရှင် ဘိုးဘိုးအောင် မူဟောင်းများနှင့် တွေ့ချေ။

ယခု ဤစာအုပ်ပါ သိဒ္ဓိရှင်ဘိုးဘိုးအောင်ကို လူသားတို့၏ ဘဝရိပ်မြုံ ဇာတိခုံတွင် တစ်မျိုးတစ်ဖုံဖြစ်အောင် မူမှန်စုဆောင်းရှာဖွေဖန်တီး၍ခိုင်လုံသောသာဓကတို့ဖြင့်တည့်မတ်သေချာစွာ စာရေးဆရာသည် မှန်ကန်သည့်အကြောင်းအရာတို့ကို ရုပ်လုံးဖော်ပြထားလေသည်။

ကိုးကွယ် ဆည်းကပ် နည်းမှ စ၍ သက်ဆိုင်ရာ ကိစ္စတို့ကို လိုလေသေး မရှိရအောင် သဗ္ဗနာမ် ပေါင်း စုဆောင်း၍ အကောင်းဆုံးဖြစ်အောင် စာရေးဆရာက တိမ်မြုပ်နေသော မူရင်းများကို ထုတ်ဖော် ရေးပြထားလေသည်။

နေစက်ဆုံး ဘာပဲပြောပြော ဤစာအုပ်သည် လူတို့၏ သိဒ္ဓိပြတင်းပေါက်ကိုဖွင့်ပေး၍ လူတိုင်းလူတိုင်းတို့၏ စာအုပ်စင်တွင် သိမ်းဆည်းထားရမည့် စာအုပ်ထူးရတနာတစ်ခုဖြစ်လေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | — ၁ |
| ၂။ | သိုက် ၉-စောင်မှ ပေါ်ပြူချက် | — ၃ |
| ၃။ | ဘိုးဘိုးအောင်၏ ဆွေစဉ်မျိုးဆက် | — ၆ |
| ၄။ | အင်းပျက်ခြင်း စသည့်လက္ခဏာများ | — ၈ |
| ၅။ | ပထမဆရာကြီး ဘိုးဘိုးအောင်၏ ဇာနုပ္ပတ္တိ | .... ၁၁ |
| ၆။ | အမွေ ကြေးနီပုရပိုဒ် ပထမအကြိမ် | ၁၉၊ ၂၀၊ ၂၀ |
| ၇။ | ကာယသိဒ္ဓိ၊ စမလေးဖြာ မြတ်ဂါထာ | ၂၅၊ ၂၆ |
| ၈။ | ရှိန်းဆာယာ၊ သရဏဂုံ စမအင်းရှင် | ၂၀၊ ၂၉ |
| ၉။ | သစ္စမကျေအောင်၊ ဦးဝိုင်း၊ | ၃၃၊ ၃၅ |
| ၁၀။ | လက်ထဲစအောင်မြေ ရတနာလုပ်ရတီ | ၃၈ |
| ၁၁။ | နန်းတွင်းအရေးတော်ပုံ၊ ဖမ်းစေအမိန့် | ၃၉၊ ၄၀ |
| ၁၂။ | မင်းကျင့်တရား ၁၂-ပါး၊ | ၄၆ |
| | ဆင်္ဂဟတရား ၄-ပါး။ | ၄၇ |
| ၁၃။ | ဂမုန်းတို့၏ အဆင်းသဏ္ဌာန် အစနုတော် | ၄၈ |
| ၁၄။ | ဂမုန်းမျိုး အပါအဝင် မင်းမျိုး ၈-ပါးဆေး | ၅၅ |
| ၁၅။ | သူယောင်ပျော်ရာ တောင်ဓလော | ၅၉ |
| ၁၆။ | အစီရင်ဟူသမျှ အထမမြောက်မအောင်မြင်ခြင်း | ၆၃ |
| ၁၇။ | အိဒ္ဓိပေါက် ကျင့်စဉ် | ၆၈ |
| ၁၈။ | ပြုလုပ်ထားရှိရမည့် အစီအစဉ်၊ ရေစင်အိုး။ | ၆၉၊ ၇၀ |
| ၁၉။ | ရေစင်စောင့်ပိုက်ဆံ၊ ရေစင်ဆောင်းခံရန်။ | ၇၀၊ ၇၂ |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၂၀။ အဓိဋ္ဌာန်စင်ရန်၊ ဥဋ္ဌဋ္ဌိတည့်ပုဂ္ဂိုလ်။ | ၇၃၊ ၇၅ |
| ၂၁။ သိဒ္ဓိထောင်းခံရန်၊ ပရိမိတ္တဇာလသုတ်။ | ၇၆၊ ၇၉ |
| ၂၂။ ဓေရံမတ္တဲ့နာ ဂါထာ။ | ၈၄ |
| ၂၃။ ဂုံထီတော်ကိုးပါး အကျိုးကျေး | ၈၅ |
| ၂၄။ ကာပ်ကျော်ဂါထာ၊ ပထမံ အင်းတော်ကြီး | ၈၆၊ ၈၇ |
| ၂၅။ နေစကြာ အင်းဆံဂါထာ၊ | ၈၈ |
| လစကြာ အင်းဆံဂါထာ | ၈၉ |
| ၂၆။ အာယုဒီဃ၊ သီရိဝဍ္ဎန အင်းဆံဂါထာ | ၉၀ |
| ၂၇။ ရတနာ့တံတိုင်းအင်း၊ သဗ္ဗပီယအင်းဆံဂါထာ | ၉၁ |
| ၂၈။ သိဒ္ဓိတင်ဂါထာ၊ စိန္တာမုနိအင်းဆံဂါထာ | ၉၂ |
| ၂၉။ ဓာတ်ဆေးပါး ဂါထာတော်များ | ၉၄ |
| ၃၀။ ပထဝီ မြေဓာတ်ဂါထာတော် | ၉၅ |
| ၃၁။ ပန်းပေါင်းဆိုသည်မှာ | ၉၇ |
| ၃၂။ ဘုရားသိုက်ထွက် ဗျာဒိတ်စက် | ၉၆ |
| ၃၃။ တစ်ဖန် ငမွန်ကန်းသိုက်ဟူသည်ကား | ၁၀၄ |
| ၃၄။ ဇာဂရုနှင့် နတ်စက်ရှောင်သိုက်ကား | ၁၀၅ |
| ၃၅။ ကာပ်မှုလွှတ်ဖြေခြင် | ၀၀၉ |
| ၃၆။ သံကြိုး၊ သာသနာ | ၁၁၀ |
| ၃၇။ ဝိသောဓနပတ္ထနာ | ၀၁၁ |

# နိဒါန်း

## ပဉ္စဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ

ဤစမဝိဇ္ဇာဓိုရ်၏ ပထမဆရာကြီး ဘိုးဘိုးအောင် ဇနုပ္ပတ္တိမူ မှန်နှင့် သိဒ္ဓိပေါက် ကျင့်စဉ်များကို ပုပ္ပါးဆရာတော်— ဆရာတော် ဦးဝါယာမ၊ ဆရာတော် ဦးသုဇာတ စသော ဆရာတော်ကြီးများ၏ ထုတ်ဖော် မိန့်ကြားတော်မူချက်အရ သက်ဝင် ယုံကြည် လေးစားကြကုန်သော ဗုဒ္ဓဘာသာ သူတော်စင် အပေါင်းတို့သည်လည်း ယခုမျက်မှောက်၌ ကျရောက်လတ္တံ့သော ဘေးဆိုး၊ ရန်ဆိုး၊ အန္တရာယ်ဆိုး အမျိုးမျိုးသော ကမ္ဘာ့ကပ်ဆိုးပွဲကြီးနှင့် ရှောင်လွဲ ကျော်နင်းနိုင်ကြကုန်ပြီး၊ မိမိတို့ အလိုရှိအပ်သော လောကီကိစ္စအဝဝတို့မှာ ကျင့်စဉ်များကို လေ့လာ အားထုတ်ခါမျှဖြင့် ထင်ထင်ရှားရှား အကျိုး ခံစားနိုင်ရမည်မှာ ယုံမှားဖွယ် မရှိအပ်ပေ။

မြန်မာ နိုင်ငံတော်ကြီးသည် ရှေ့လာမည့် အနာဂတ် အရေး၌ စိတ်မအေးဖွယ်ရာတစ်ယုံ၊ လောကီ ဝိဇ္ဇာဓိုရ် သိုက်ကျမ်းများ၌ ပြဆိုထားချက် တစ်ရပ်မှာ သာသနာတစ်ဂဏီလ်က သိကြား နတ်၊ ဝိဇ္ဇာဓိုရ်အပေါင်းတို့သည် 'မကောင်းသူပယ်၊ ကောင်းသူကယ်ရမည်။' ဟုဒွန့်မြွတ်စွာ သာသနာတော်ကြီးကိုလည်း ၂၅၀၀ ဆမွန့်ရှည်စွာ ဆထူး၊ ထိန်းသိမ်းစေခင့် ရှေးကြုံရမည့် တာဝန်ကြီး၊ တစ်ခု ဖြစ်ပေသည်။

ဤကဲ့သို့ စောင့်ရှောက်လျက် သာသနာတော် မြတ်ကြီးနှင့် လောကကြီးကို အသစ်ထစ်ဖန် မွမ်းမံ တည်ထောင် ပြုစုလိမ့်မည်၊ သာသနာ ကြည်ညို၍ ဘုရားလူ၊ သိကြားလူ၊ ဝိဇ္ဇာလူတို့ကို အထူးစောင့်ရှောက်လိမ့်မည်။

ဝိဇ္ဇာစုံညီ၊ တပသီ၊ အညီကြွလာမည်။
သာသနာပွဲ၊ ဝင်ရောက်နွဲ၊ မလွဲကြုံရမည်။
ဒေဝါသိကြား၊ ဝိဇ္ဇာများ၊ ထင်ရှား ကေန် မ လိမ့်မည်။
အေးချမ်း သာယာ၊ တို့ပြည်ရွာ၊ ရတနာမိုးကြီးရွာလိမ့်မည်
သာသနာတစ်ခေတ်၊ မင်းကောင်းတစ်ဆက်၊ မပျက်ရောင်
ရှိန် ထွန်းလိမ့်မည်။
ထိုရောအခါ၊ သာသနာ၊ ဒေဝါ သိကြား စောင့်
လိမ့်မည်။

စသည်ဖြင့် [၉]စောင်သော သိုက်ကျမ်းများ၌ အဆူးပြီ ဆိုထားလေသည်။

လောကီ စီးပွားရေးနှင့် တကွ ကြီးပွားရေး၊ ချမ်းသာရေး စသော အမှုကိစ္စ များကို အရင်းခံထား၍ အားထုတ် ကြံစည်လုပ်ဆောင် နေကြသော လောကီ လူသားများ အဖို့လည်း လောကီ အကျိုး ခံစားနိုင်ကြရန် ကျရောက်လတ္တံ့သော ဘေးရန် အန္တရာယ်အပေါင်းတို့မှ ကင်းလွတ် ကျော်နင်းနိုင်ကြကုန်ပြီး သာသနာ့ဒါယကာ မင်းကောင်း မင်းမြတ် တို့နှင့် ဗုဒ္ဓသာသနာပြု ပွဲတော်ကြီးများကို တွေ့ကြုံ ပါဝင်လို ပါလျင် အမိဋ္ဌာန်ပါရမီဖြစ်သော ဤသိဒ္ဓိပေါက် ကျင့်စဉ်

မျှားကို အချိန်အလဟဿ မဖြစ်စေဘဲ လွယ်ကူစွာ မှတ်သား အားထုတ် နိုင်ကြစေရန် အကျိုးငှာ "ဤပထမံ စမဝိဋ္ဌာ ဇနုပ္ပတ္တိ သိဒ္ဓိပေါက် ကျင့်စဉ် စာအုပ်" ကို ထုတ်ဝေ အပ်ပါ ကြောင်း။

ဤစာအုပ်ဖြင့် အနန္တဂုဏ်အင် ကျေးဇူးရှင်များအား
ရှိခိုးကန်တော့အပ်ပါသည်။

သိုက်(၉)စောင်မှ ပေါ်ပြချက်

ဘုရားသိုက်နှင့်တကွ (၉) စောင်ရသော သိုက်တို့ မိန့်ဆို ထားသည်မှာ။

တရုတ်အစ၊ ရှမ်းကအလှည့်၊ မြန်မာဝယ်နေခက်၊ မင်း လျှင် မြေခက်၏။

မြစ်စဉ်ကမ်းနား၊နေသူများလည်း၊မင်းခေါင်တော်ဗ်မြေ ရောက်လတ္တံ့။

ရွှေ၊ ငွေ၊ စပါး၊ ကျီပြည့်ထားလည်း၊ အများဥစ္စာ သူ့ ဘဏ္ဍာသာ ဖြစ်လတ္တံ့။

မျိုးစေ့ရိတ်ခါ၊ ဆံမပါသည်၊ တောမှာတောင်ခြေ ထီး လတ္တံ့။

အကြေအညာ၊ မသာယာသည်၊ ဗိုလ်ပါ ခြေချင်း ယှက် လတ္တံ့။

အယူသီးလှ၊မညီမျှ၍၊ လူပျို့ပတို့၊ မှာခနအမျက်၊ ခြောင်း ခြောင်းထွက်၍၊ စစ်မက်အင်္ဂါ ထိုးလတ္တံ့။

သူမင်း၊ ငါမင်း၊ အချင်းချင်း၊ သတ်ပွဲဆင်၍သေလတ္တံ့။
ခိုးသူ၊ ရန်သူ၊ စစ်မက်ထူ၍၊ မီးပေါက် လေး မြား၊ ဓား လှံ့ သင့်ခါ သေလတ္တံ့။

ဆာစဆနာတစ်ပက်၊ မင်းဆောင်းတစ်ဆက်၊ မပျက်ခရောင် ရှိန် ထွန်းလတ္တံ့။

တစ်ပန် "စဆော့တွင် ဆီးပြွ လုံးသလိုပ စုရုံးခါ ပဗော ထပ်သော်ကြောင့် ဘည်တာပ်ဘယ်လို ရှောင်ရပါ မိုးပေါမှာ ပြဟွာနတ်တောင်မှ ခေါင်းကုတ်လို့ မှိုင်ခါ နေ" ဟူ၍လည်းကောင်း။

ဆတိထားကြတော့ ဘုရားမွေ့ကွန်နှင့် မြတီသံဃာ ရတနာကြီးကိုလ ခိုမှီးကာ မပြတ်စောကြတော့ အဇရှော အာကာသကိုလ မျှော်ကြည့်ကာ ပညာရှိလျှင်ဖြင့် ထင် ရာကို မြင်တစနှင့် သိပါလိမ့် ဘေားထိလုပြီး
ဟူ၍လည်းကောင်း။

သိုက်တပေါင် သံချိုမျှဝးကို ထောက်ရှု ဆင်ခြင်ခြင်း အားဖြင့် ဆာစသနာဇဟာ်ကြီး၏ အရသာကို အစစ်အမှန် ခံစား တွေ့ကြုံနေကြရကုန်သော ပါရမီရှင်တို့ဆည် သာသနာ မြဲ မင်းစောင်းမင်းမြတ် ပေါ်ပေါက်မှုကိုသာ ကြိုးပမ်း ဆောင်ရွက်ကြပြီးလျှင် အချိန်အခါကို စောင့်ဆိုင်း ကြလျက်

မထင်ရှားသော အသွင်ဖြင့် "ဘုရားတောင်းနှစ်လို့ ဇောင်းချမ်းပေါ့" ခေတ်အခါတွင် ပါရမီရှင်များတို့သည် ဘုရားဟောအတိုင်း တိမ်မြုပ်နေမှသာလျှင် ဖြစ်နိုင်ပေမည်။

ပေါ်ပေါက်လာလျှင်လည်း ဆုမျိုးမျိုး အန္တရာယ်များ တွေ့၍ ပျက်စီးတတ်လေသည်။

"ငါးပါးပဉ္စသီနှင့် အင်္ဂါ ငါးတတ်မြဲပါမှ ကပ်ထဲမှာချမ်းသာစ ရလိမ့်။" ဆိုသည့်အတိုင်း ဗြဟ္မာ့ဒဏ်တော်ခင်မှ ညည်းထွားရသော ကပ်ဆေးပွဲကြီးကို ရှောင်တိမ်း လိုကြပါလျှင် နေ့စဉ်မပြတ် ဒုစရိုက်တရား ၁၀–ပါးကို လွတ်မြောက်အောင် ရှောင်ရှား၍ လောဘ, ဒေါသ, မောဟ တရား သုံးပါးကို တတ်နိုင်သလောက် ဖေးသည်ထက်ဝေးအောင် ရှောင်ရှားကြပါလေ၊ ရတနာသုံးပါး အနန္တော-အနန္တ ငါးပါး အမှူးပြု၍ အဓိဋ္ဌာန် ပါရမီ သိဒ္ဓိပေါက် ကျင့်စဉ်များကို လေ့လာကြပါကုန်လော့။

ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ ထင်းစေသော်။

ကဝိဘာဏီ

....o...

## ဓမဝိဇ္ဇာဓိုရ် ပထမ ဆရာကြီး

## ဘိုးဘိုးအောင်၏ ဆွေစဉ်မျိုးဆက်

လက်ပန်ရှည်ရွာ၊ ရွာသူကြီး ဦးဘိုးနှောင်း၊ သူကြီးကတော် မယ်အိမ်ဖြူတို့မှ ဘိုးရာဇာကို ဖွားမြင်ပြီးသော် ဦးဘိုးနှောင်း ကွယ်လွန်လေသည်။

မြောက်ဘက် ဆိတ်ဖြူချင်းတောင် အရပ်မှ ပြောင်းရွှေ့လာသော ဦးဘိုးပြည့်၊ မယ်အိမ်တို့က သား ဘိုးစံမြတ်ညို၊ သမီး မယ်ဒွန်နီး မောင်နှမ နှစ်ယောက်ကို ဖွားမြင်ပြီး မယားဖြစ်သူ မယ်အိမ် ကွယ်လွန်လေသည်။ ထို့နောက် လက်ပန်ရှည် သူကြီး ကတော် မယ်အိမ်ဖြူနှင့် ဆိတ်ဖြူ ချင်းတောင်မှ ပြောင်းလာသော ဦးဘိုးပြည့်တို့ သင့်မြတ်ကြလေသည်။

မယ်အိမ်ဖြူမှ ပါလာသော ဘိုးရာဇာ လူလားမြောက်သောအခါ ဦးဘိုးပြည့်မှ ပါလာသော မယ်ဒွန်းနှင့် လင်ပါ မယားပါ လက်ဆက်ပြီးလျှင် လက်ပန်ရှည်ရွာကို အုပ်ချုပ်၍ ရွာသူကြီးလုပ်ကြပြန်သည်။

ဦးဘိုးပြည့်၏သား ဘိုးစံမြတ်ညိုနှင့် မယ်ညီမ့်ရာတို့ သင့်မြတ်ရာ သားဘိုးဒင်၊ ဘိုးအောင်၊ သမီးမယ်လွမ်း သားသမီး သုံးယောက် ဖွားမြင်လေ၏။

ဘိုးအောင်မှာ ပထမဆရာကြီး ဘိုးဘိုးအောင် ဖြစ်လေသည်။

ဘိုးစံမြတ်ညိုမှာ မယ်ညိမ်းရှ သေဆုံးသဖြင့် တစ်ဖန်ထပ်၍ သဲတာနိုဲသူ မယ်မြတ်လှနှင့် အကြောင်းပါပြန်၏။ မယ်မြတ်လှနှင့် သား ဘိုးခွေးခေါ် ဘိုးရွှေ၊ သမီး မယ်ပြေတ့်ကို ဖွားမြင်ပြန်၏။

ဘိုးဒင် မယ်တုပ်နှင့်သင့်မြတ်ရာ သမီး မယ်မညီ၊ ဖွားမြင်၏။ မယ်မညီ၊ ဘိုးနှင်းကြီးတို့က သား ဘိုးမွဲ၊ ဘိုးသွဲ၊ သမီး မယ်မိုးဦ၊ မယ်ခို၊ မယ်စိုသား၊ သမီးငါးယောက်ဖွားလေသည်၊

ဘိုးမွဲမှဖွားသော် မယ်အိမ်စိ၊ ဘိုးဆိုးပေ၊ မယ်ငယ်၊ ဘိုးညို၊ မယ်အိုဇာ ပေါင်း ငါးယောက်ဖွားလေသည်၊

ဘိုးသွဲမှ ဖွားသော် မယ်ငွေချို၊ ဘိုးစံညွန့်၊ မယ်ငွေဆစ်၊ မယ်ငှေမြစ်၊ မယ်ငွေသစ်၊ ဘိုးညီပု၊ ဘိုးညီလေး ပေါင်း ခုနစ်ယောက် ဖွား၏။

မယ်မိုးဦမှဖွားသော် ဘိုးသာဒွန်း၊ မယ်ရာချို၊ ဘိုးရွှေလူ၊ ဘိုးလှအောင်၊ ဘိုးရွှေလေး၊ ဘိုးရွှေအုံ၊ မယ်အိလေးပေါင်း ခုနစ်ယောက် ဖွား၏၊

မယ်ခိုမှဖွားသော် ဘိုးရွှေအင်း၊ ဘိုးမြတ်ကောင်း၊ ဘိုးသာစောဘ်၊ ဘိုးပဲ ပေါင်း လေးယောက်ဖွား၏။

မယ်စိုမှ ဖွားသော် ဘိုးစိုးကြီး၊ ဘိုးဘိုကြီး၊ မယ်သင်းထုံ၊ မယ်နှင်း၊ ယုံ၊ မယ်မဲ ပေါင်း ငါးယောက်ဖွား၏။

ဘိုးမွဲသမီးအကြီး မယ်အိမ်စိနှင့် ဘိုးရန်ကွင်းတို့ သင့်မြတ်ကြရာ မယ်ငွေမြင့်၊ ဘိုးမှူး၊ မယ်ရွှေဥ၊ ဘိုးချို၊ မယ်လှထွေး ပေါင်း ငါးယောက် ဖွားလေသည်။

မယ်ငွေမြင့်နှင့် ကိုလှအောင်တို့သင့်မြတ်ကြရာဆရာတော်၊ မဖွားသိန်း၊ ခမောင်မြအေး၊ မဖွားရှိန်၊ မပု ပေါင်း ၄ ါး ယောကီ ဖွားသည်။ (ဆရာတော်ဆိုသည်မှာ ယခုဆွေစဉ်မျိုးဆက် နှင့် တကွ ပထမံဆရာကြီး ဘိုးဘိုးအောင်၏ ဇနပ္ပတ္တိ သိဒ္ဓိပေါက် ကျင့်စဥ်သမ်းတို့ကို အမိန့်ရှိလိုက်သော ဘုန်းတော်ကြီး ဖြစ် သည်။)

၎င်းဆရာတော်သည် ယခုထက်တိုင် ဆက်ဘော်ထင်ရှား ရှိ၍ (နေရပ်ကို ဖော်ပြခွင့် မပြုသဖြင့် ချန်လှပ်ထားခဲ့သည်) ကျောင်းတွင် သီတင်းသုံးတော်မူ လျက် ထွဲတော်မူဖ ဦးသုဇာတ ဖြစ်ကြောင်း။

....၀ —

ယခု ရှေ့၌ ပြလတ္တံ့ဖြစ်သော အစီအရင်များသည် ဗုဒ္ဓ မြတ် စွာ သာ သ နာ တော် မြတ်ကြီးနှင့် ဆန့် ကျင် သော အကြောင်းအချက်များ တစ်စုံတစ်ရာမျှ မပါဝင်ကြောင်း။

## အင်းပျက်ခြင်း စသည့် လက္ခဏာများ

အင်းကျိုးခြင်း ၇ ပါး၊ အင်းတန်းခြင်း ၇ ပါး၊ အင်း ပေါက်ခြင်း ၇ ပါး စသော အားဖြင့် မအောင်မြင်ခြင်း၊ ပျက်စီးခြင်း အင်္ဂါရပ် ၂၁-ပါး ရှိလေ့သည်။

## အင်းကျိုးခြင်း ၇-ပါး

၁။ အင်းစီရင်သောအခါ နေရာလွဲပြောင်းခြင်း။
၂။ အင်းစီရင်သောအခါ စကားပြောဆိုခြင်း။
၃။ လူလွဲပြောင်း၍ စီရင်ခြင်း။
၄။ စီရင်၍ မပြီးမီ အခြားဘစ်ပါးသို့ ထသွားခြင်း။
၅။ အင်းအုံပြဘီခြင်း။
၆။ အင်းဒပေါင်ရွေ့ခြင်း။
၇။ စတုရန်း လေးဘက်မှ ဝိုင်းမိအောင် မသေးမူ၍၊ အစဥ်အကွက်ငဲ သားခြင်း။

ဤအား အင်းကျိုးခြင်း ၇-ပါးတည်း။

## အင်းကန့်ခြင်း ၇-ပါး

၁။ နက္ခတ် မမှန်ခြင်း။
၂။ အသွား မမှန်ခြင်း။
၃။ အက္ခရာဂဏန်း မညီညွတ်ခြင်း။
၄။ အက္ခရာဂဏန်း အသွားအလှည့် မမှန်ခြင်း။
၅။ အင်းစီရင်သူ၏ ညစ်ပေမသန့်ရှင်းခြင်း။
၆။ ကိုယ်ဝန်ဆောင် မိန်းမ, မသန့်ရှင်းသူ ဘို့ ကိုင်တွယ်ခြင်း။
၇။ ဂါထာမန္တ မမှန်ခြင်း။

ဤကား အင်းကန်းခြင်း ၇ ပါးတည်း။

## အင်းပေါက်ခြင်း ၇-ပါး

၁။ အင်းပေါင်ခြင်း မသိခြင်း။
၂။ အင်းပေါင် လွန်ခြင်း။
၃။ အင်းချ မမှန်ခြင်း။
၄။ အင်းဆံသွင်းသောအက္ခရာ-ဂဏန်းနှင့် အင်းပေါင်အရေးအစား ထိခြင်း။
၅။ အက္ခရာဂဏန်း မပီသခြင်း။
၆။ အင်းအကွက် မညီညွတ်ခြင်း။
၇။ ဂဏန်း အက္ခရာ ထောင့် မကိုက်ခြင်း။

ဤကား အင်းပေါက်ခြင်း ၇ ပါး။

ထို့ကြောင့် လောကီပညာရပ်များကို လိုက်စားစီရင်သူအပေါင်းတို့သည် ဤ ပျက်စီးခြင်း အင်္ဂါ ၂၁-ပါးတို့ကို အထူး သတိထား၍ ရှောင်ကြဉ်လိုက်ကာင်းစေရပေမည်။

....o....

ပထမံ စမဝိဇ္ဇာ

စမဝိဇ္ဇာဓိုရ် ပထမံဆရာကြီး

# ဘိုးဘိုးအောင် ဇာနုပ္ပတ္တိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မောင်အောင်

တောင်တွင်းကြီးမြို့ လက်ပန်ရှည်ရွာ အဖ ဦးစံမြတ်ညို၊ အမိ မယ်ညိမ်းရှာတို့မှ ဘိုးဒင်၊ ဘိုးအောင်၊ မယ်လွှမ်းတို့ ဖွားမြင်လေသည်။

ဒုတိယမြောက် သား ဘိုးအောင်သည် ပထမံ ဆရာကြီး ဘိုးဘိုးအောင်ပင် ဖြစ်လေသည်။

မျစ်းမကြာမီ မယ်ညိမ်းရှာ အနိစ္စရောက်သဖြင့် ဦးစံမြတ်ညိုသည် သဲကန်သူ မယ်မြတ်လှနှင့် အကြောင်းပါ၍ သား ဘိုးခွေးခေါ် ဘိုးရွှေ၊ သမီး မယ်ပြေတို့ကို ဖွားမြင်ပြန်သည်။

မောင်အောင်၏ မိဘများမှာ ဆင်းရဲ နွမ်းပါးသော ကြောင့် သားသမီးများကိုမှ တင့်တယ်စွာ ထားနိုင်ခြင်းမရှိ သဖြင့် မောင်အောင်သည် ငယ်စဉ်အရွယ် ကပင် တောင်တွင်းကြီးမြို့နှင့် ၆ မိုင် ကွာဝေးသော ပိသနိုးမြို့ဦး ရွှေရောင်တော် ဘုရားကြီးအနီး၊ ဘုန်းတော်ကြီး ဦးလက္ခဏ ကျောင်းတိုက်၌ အပ်နှံ၍ ပညာသင်ကြားစေခဲ့လေသည်။

မောင်ခအောင်သည် ဆရာတော်ကြီး၏ ဝတ်ကြီးဝတ်ငယ်များကို မလစ်ဟင်းရအောင်ပြုစုသည့်ပြင် ကျောင်းကိစ္စများကိုလည်း မညည်းမညူ ဆောင်ရွက်လုပ်ကိုင်လေ့ရှိ၏။ စာပို့ချချိန်တွင်လည်း မောင်ခအောင်သည် တပည့်များထဲတွင် ဉာဏ်အထက်မြက်ဆုံး ထူးချွန်သည့် သူငယ်တစ်ယောက် ဖြစ်သဖြင့် ဆရာတော်သည် မောင်ခအောင်အား သနားချစ်ခင် ယုံကြည်လေသည်။

မကြာမီ ဆရာတော်၏ ကျောင်းတိုက်ကြီးသို့ အသက်အရွယ် ၂၁ နှစ်ခန့်ရှိ ရှင်သာမဏေတစ်ပါး ကြွရောက်လာလေသည်။

ရှင်သာမဏေသည် ကျောင်းပေါ်ရှိ ရုပ်ပွားတော်များအား ရှိခိုးပြီး ဆရာတော်ကြီးအား ဝတ်ဖြည့်လျက်..

"ဆရာတော်ဘုရား၊ တပည့်တော်၏ ပါရမီကိုကူညီတော်မူပါဘုရား၊ အရှင်ဘုရား၏ ပါရမီကိုလည်း တပည့်တော် ကူညီပါမည် ဘုရား" ဟု ဦးတိုက် လျှောက်ထားတော်မူလေသည်။

ဆရာတော်သည် ရှင်သာမဏေအား အကဲခတ် ကြည့်ရှုတော်မူပြီး....

"ရှင်သူငယ်....သင့်ကိစ္စသည် သိက္ခာပုဒ်တော်နှင့် လွတ်သော အရာမှန်ပါက ငါကူညီနိုင်ပါ၏။ သိက္ခာပုဒ်တော်နှင့် ပွတ်သော အရာဖြစ်သော် ငါမကူညီနိုင်" ဟု မိန့်တော်မူလေ၏။

ရှင်သာမဏေသည် ဝမ်းမြောက်ဝမ်းသာ ပြုံးရွှင် ကြည်လင်သော မျက်နှာဖြင့် "သိက္ခာပုဒ်တော်နှင့် မထိခိုက်ပါဘုရား" ဟု ထပ်လောင်း၍ လျှောက်ထားပြန်သည်။

ဆရာတော်သည် ဖတ်ရှုနေသော ပေမူစာထုပ်ကို ဘေးသို့ချလျက် "ရှင်သူငယ် သို့ဖြစ်လျှင် ငါကူညီမည်" ဟု ပွင့်ပွင့်လင်းလင်း ဝန်ခံပေးလိုက်လေ၏။

ရှင်သာမဏေသည် ဆရာတော်ကြီးထံမှ ပင့်ကိုဘွဲ့ယူရသည့်နေ့မှ စ၍ တောတွင်းသို့ ဝင်ကာ ဖော်စပ်ရန် လိုအပ်သော ဆေးခေါင်း၊ ပန်းခေါင်း၊ ဂမုန်းပေါင်းများ ရှာဖွေစုဆောင်း ဖော်စပ်၍ ကင်းများ စုရုံးလေတော့၏။

ရှင်သာမဏေသည် မိမိလုပ်ဆောင်ရန် ကိစ္စအတွက် အလုံးစုံ ပြင်ဆင်ပြီးသည့် နေ့တစ်နေ့တွင် ဆရာတော်ကြီး၏ ထံမှောက်သို့ ချဉ်းကပ်၍—

"ဆရာတော်ဘုရား တပည့်တော်ကိစ္စ ဆောင်ရွက်ပေးတော်မူရန် သင့်ပါပြီဘုရား၊ ယနေ့ညပင် ကြွတော်မူပါဘုရား" ဟု လျှောက်ထားပင့်ခေါ်လေ၏။

ဆရာတော်သည် သင်္ကန်းကို ပြင်ဆင်၍ ရုံလိုက်ပြီး—

"ဆောင်ရွက်ပေးရတာပေါ့ကွာ—" ဟု ပြောပြော ဆိုဆို ရှင်သာမဏေ၏ နောက်မှ တောတွင်းသို့ လိုက်ပါ ကြွသွားလေတော့၏။ တစ်ခုသော ထောင်အုပ်အလယ် ကြီးမားသော ထင်းပုံကြီးအနီးသို့ ရောက်ရှိကြသောအခါ ရှင်သာမဏေသည် ဆရာတော်အား ဝတ်ပြုလျက်—

"တပည့်တော်များ ဖိုဝင်ရန် ကိစ္စအတွက် အရှင်ဘုရားကို ပင့်ရပါသည်ဘုရား"--ဟု လျှောက်ထား ပြီးလျှင် စုပုံထား သော ထင်းများကို မီးတိုက်နေလေတော့၏။

ကြီးမားပြင်းထန် တြောက်မှုက်ဖွယ်ရာ မီးအဟုန်ထိန်ထိန် ညီးညီး တောက်လောင် လာသောအခါ ရှင်သာမဏေသည် ဆရာတော်ထံပါးသို့ သွား၍ ဆေးအိတ်အတွင်းမှ ဆေး သုံး လုံးကို ထုတ်ယူပြီးလျှင်....

ဆရာတော်ဘုရား ဤဆေးလုံးကား ပထမ ဆေးလုံးပါ ဘုရား.." တပည့်တော် မီးပုံတွင်းသို့ ဆင်းသည့်အခါ တစ်တောလုံး ပြင်းထန်စွာ မြည်ဟည်းလျက် မှောင်အတိကျ လာပါလိမ့်မည်ဘုရား၊ စိုးရိမ်တော်မမူဘဲ ဤပထမဆေးလုံး ကို မီးပုံအတွင်းသို့ ပစ်သွင်းတော် မူပါဘုရား..."

"ဤဆေးလုံးကား ဒုတိယဆေး ဖြစ်ပါသည်ဘုရား...." ပထမဆေးလုံး ပစ်ပြီးသည်နှင့်တစ်ပြိုင်နက် မီးတောက်မီးလျှံ အဟုန်သည် ထိန်လင်းလှသော ဘော်အဆင်းသော၊ ကဲ့သို့ ပြောင်းလဲဖြစ်ပေါ်လာပါလိမ့်မည်ဘုရား၊ တောတွင်းအသုံး ရှိ နာနာဘာဝ, ဝိနာဘာဝ, ဘီလူးတို့သည် တြောက်မက်ဖွယ် ရာ အဆင်းအကျာနီ ဖန်ဆင်း၍ ခြောက်လှန့် ပါလိမ့်မည်။ ဆရာတော်သည် စိုးရွံ့တော်မမူဘဲ ဒုတိယဆေးလုံးကို ထပ်မံ၍ မီးပုံအတွင်းသို့ ပစ်သွင်းတော်မူပါဘုရား...."

“ဤဆေးလုံးကား နောက်ဆုံးတတိယဆေးပါဘုရား” ဒုတိယဆေး ပစ်ပြီးသည်နှင့် တစ်ပြိုင်နက် မီးတောက်မီးလျှံ အဟုန်သည် စင်းဝါလှသော ရွှေရောင် အဆင်း သဏ္ဍာန် ပြောင်းလဲ တည်ရှိပါလိမ့်မည် ဘုရား၊ သာယာနာပျော်ဖွယ် ရှိသော တူရိယာအသံများတွက်ပေါ်လာကာ လှပတင့်တယ် ရှုချင့်စဖွယ် အလှကညာ နတ်မိမယ်ကလေးများ လာရောက် တားဆီး တောင်းပန်ပါလိမ့်မည် ဘုရား..၊ ပေါ်ပေါက်လာသော အဖျက်အဆီး အန္တရာယ်တို့ကို ဂရုမပြုဘဲ နောက်ဆုံး တတိယဆေးလုံးကို တစ်ဖန် မီးပုံ တွင်းသို့ ပစ်သွင်းတော်မူပါဘုရား ..” ဟု လျှောက်ထားပြီး ဆေးသုံးလုံးကို ဆရာတော်ကြီးအား အပ်နှင်းခဲ့လေ၏။

ဝိဇ္ဇာဓိုရ်ရှင်သာမဏေသည် ဆရာတော်ကြီးအား ရှိခိုး ဝတ်ပြုပြီး ကြီးမားလှသော မီးပုံအတွင်းသို့ ခုန်ဆင်း ကွယ်ပျောက်သွားလေတော့၏။

ဆရာတော်သည် ပေးအပ်ခဲ့သည့် ဆေးလုံးကို ဝိဇ္ဇာဓိုရ် မှာကြားခဲ့သည့် အတိုင်း၊ မီးပုံတွင်းသို့ ပစ်သွင်းလေသော်။ ဝိဇ္ဇာဓိုရ်ယောက်ျားသည် သိဒ္ဓိမြောက်၍ ဖိုမှ ထလာခဲ့လေ၏။

ဝိဇ္ဇာဓိုရ်သည် ဆရာတော်၏ရှေ့မှောက်သို့ရောက်ရှိလာကာ “တပည့်တော်၏ ကိစ္စသည် အစ, အလယ်, အဆုံး သုံးပါးလုံး ပြီးမြောက်အောင်မြင်သွားသဖြင့် အထွတ်အထိပ်သို့ ရောက်ရှိပါပြီ ဘုရား...” ဟု လျှောက်လေ၏။

ဆရာတော်သည် ထူးထွေဆန်းပြား၊ အံ့ဩဖွယ်ရာ အဖြစ်အပျက်များကို မြင်တွေ့နေရသဖြင့် မိမိ၏ မျက်စိများကိုပင် မယုံကြည်နိုင်လောက်အောင် ရှိလေ၏။

ဝိဇ္ဇာဓိုရ်ယောကျ်ားသည် လက်အုပ်ချီလျက်....

"ဆရာတော်ဘုရား၏ ပါရမီကိုလည်း တပည့်တော် ကူညီပါမည် ဘုရား၊ တပည့်တော်ကဲ့သို့ပင် ဖိုဝင်တော်မူပါ ဘုရား"ဟု ထပ်မံ၍ လျှောက်ထားလေ၏။

ဆရာတော်ကြီးသည် ဆည်းပူးတော်မူအပ်သော ပါရမီ မရှိသဖြင့် "ဒကာ ဝါမဆင်းဂံ့ချေပြီ" ဟု ငြင်းပယ်တော်မူလေ၏။ ဆရာတော်သည် တွေဝေစဉ်းစားနေရာမှ ဝိဇ္ဇာဓိုရ်သင်၏အမည်ကား အဘယ်နည်းဟု မေးတော်မူ၏။

ဆရာတော် တပည့်တော်၏ အမည်ကား 'သိဒ္ဓိ' မည်ကြောင်းပါ ဘုရားဟု ရိုသေစွာ လျှောက်ထားလေ၏။

"သင် မည်သည့်အရပ်သို့ သွားမည်နည်း၊"

ဆရာတော်သည် သိလိုသမျှ အကြောင်းအရာများကို အစဉ်တစိုက် မေးမြန်းလေရာ....

ဝိဇ္ဇာဓိုရ် ယောကျ်ားသည်....

"ဆရာတော်.... တူးဆန်းအံ့ဩ တန်ခိုးသတ္တိ အစွမ်းရှိသော ဆေးပင်များသာ ပေါက်ရာ, သိရိရှက္ခ အမည်ရှိသော တောင်၌ နေရပါမည် ဘုရား"

ငှင်းအနီး အနောက်တတ်ရေအိုင် ရှိပါသည်။ ထိုရေအိုင်သို့ ညတိုင်းပါးလုံး နေရောင် မရောက်ရှိပါ ဘုရား၊ တန်ခိုးကြီးသော နတ်နဂါး, ဂဠုန်မှစ၍ ဝိဇ္ဇာဓိုရ်ယောကျ်ားများ

ရေသုံးသုပ်၍ ပြော်ပါကြပါသည်။ အစာအာဟာရ သုံးဆောင်လိုသောအခါ အဗ္ဗန္တုဇမည်သော သရက်သီးများနှင့် ဇမ္ဗုသပြေသီးများကိုသာ စားသုံးကြပါသည်ဘုရား။ လွန်ခဲ့သော အတိတ်ဘဝက အရှင်ဘုရားနှင့် ကပည့်တော်သည် ညီအစ်ကို အရင်းတော်စပ်ခဲ့ဖူး၍ ယခုကဲ့သို့ ပါရမီ ဖြည့်ဖက် အနေဖြင့် လာရောက်၍ အပြန်အလှန် တူညီ စောင့်ရှောက်ရခြင်း ဖြစ်ပါသည်ဘုရား။

အရှင်ဘုရား ဖိုမဝင်လိုပါက ဤကြေးနီ ပုရပိုက်တွင်ပါသော ပညာရပ်များကို လိုက်စား လေ့လာတော်မူပါက အလိုဆန္ဒ ပြည့်ဝစုံလင်တော်မူပါလိမ့်မည်ဘုရား ဟု ကြေးနီ ပုရပိုက်ကို ဆက်ထပ် လျှဒါန်းလေ၏။

"ဒကာ လောကီပညာဟူသည် မည်သည့်အရာမျိုးနည်း"

"ဆရာတော်..လောကီပညာ ဆိုသည်မှာ—ရှိန်းဆာယာပိုမောက် ကိုယ်ပျောက်ဆိုသော စကားအရ ထူးမြတ်သော ဆန္ဒရှိသူများသည် နက်နဲ လေးနက်စွာ ဆင်ခြင် စဉ်းစား၍ အချက် အလက်များကို နားလည် တတ်ကျွမ်းအောင် အားထုတ်ကြံဆ ဆောင်ရွက်ခြင်းများ ဉာဏ်ကိစ္စဖြစ်၍ လောကီပညာ ခေါ်ပါသည်ဘုရား။"

ဆရာတော်သည် ထပ်မံ၍....

ဒကာ လောကီ ပညာရပ်များသည် ဘုရားဟောသကဲ့သို့ မဟောက်ပြန် မှန်ပါသလောဟု မေးပြန်၏။

ဝိဋ္ဋဓမိုရ်ယောဇကျော်းက ဆရာတော်…. "

သဂေါ်တဝစန် သစ္စံ၊ လောကံသမ္မုတိကာရဏံ။

ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ ဘူတသက္ခဏံ။

ဟူ၍ အဋ္ဌကထာဆရာ မိန့်တော် မူသောကြောင့် လောက သစ္စာနှိ အာဓန္တာ၊ လောကံ န သစ္စန္တိ အာမန္တာ ဟု ဓေ ၂ ဓ တော်မူသောကြောင့် လောကီမှာ ယထာရဟံ၊ လောကုတ္တရာ မှာ ကေဝစနံ ဟု ပညာရှိတို့ ဆိုကြကုန်၏။

ထို့ကြောင့်လောကီပညာသည်မှန်သည်လည်းရှိပါသည်။ မမှန်သည်လည်း ရှိပါသည်ဘုရား။ "ဆေးကောင်းလျှင် တစ်စက်၊ အင်းကောင်းလျှင် ဘစ်ကွက်" ဟူ၍ ရှေးပညာရှိတို့က အမိန့်ရှိခဲ့ကုန်၏။

အင်းသော၊ အင်းရှင်၊ ရုပ်အင်း၊ နာမ်အင်း၊ အင်း ရေး နည်း အမျိုးမျိုး၊ အင်းသားနည်း၊ အင်းသွင်း များနှင့် ကောင်းမြတ်သော အချိန်အခါ ရွေး၍ အင်းပုံ စာစ်ခုကိုပင် အင်းဆံနှင့် စတုပတ်လည်အောင် အတွင်းအပြင် ပြောင်းလဲ ၍ သုံးစွဲနိုင်လျှင် အောင်မြင်နိုင်ကြောင်းပါဘုရား…."

ဆရာတော် တပည့်တော်သွားရန် အချိန်သင့်ပြီ ဖြစ်သဖြင့် တပည့်တော် ဆက်ကပ်လှူဒါန်းခဲ့သော ကြေးနီပုရပိုက်တွင် ပါသော ဇည်ာရပ်များကို လေ့လာဆည်းပူးပါဆ အလို ရှိသမျှ ဆန္ဒပြည့်စပါလိမ့်မည်ဘုရား၊ နေခင်တပည့်တော်နှင့် အခန့်ထင့်က တွေ့ဆုံရပါလိမ့်မည်ဘုရား။ ဟု ဆရာတော်ကြီး အား ဦးချ ဝတ်ပြည့်ပြီး ပျောက်ကွယ်သွားလေတော့၏။

ဆရာတော်ကြီးသည် ဝိဇ္ဇာဓိုရ်ယောကျ်ားနှင့် တွေ့ရှိပြီး နောက် ကျောင်းသို့ပြန်ရောက်သည့် နေ့မှစ၍ ဝိဇ္ဇာဓိုရ်နှင့် တွေ့ဆုံမြင်တွေ့ခဲ့ရသည့် ဖြစ်အင်များကို ဖမ်းပျောက် မရနိုင် လောက်အောင် မစားချင်၊ မသောက်ချင်ဖြစ်ခါ တစ်ဝါမျှ ဆာ နေ၍ တပည့်ကြီးနှစ်ပါးဖြစ်သော ဦးပဋိပ္ပန္န ကိုယ်တော် နှင့် ဦးပညာသာမိ ကိုယ်တော်တို့အား ကျောင်းတိုက်ကြီးကို အပ်နှင်းတော်မူပြီး ပျံလွန်တော်မူလေသ၏။

အမွေ

ဆရာတော်ကြီး၏ ကျောင်းတွင် အသုံးအဆောင် ပစ္စည်း များကို ဦးပဋ္ဌင်း၊ ကိုရင်၊ ကျောင်းသားများပါမကျန် ရလေ အောင် အသီးသီး တပည့်ကြီး နှစ်ပါးက ဝေခြမ်း၍ ပေး လေ၏။ ထိုနေ့၌ မောင်အောင်သည် လက်ပန်ရှည်ရွာ အမိ အဖများ အိမ်သို့ ပြန်နေ၍ နောက်ကျနေလေသည်။

ကျောင်းသို့ ပြန်ရောက်သောအခါ ဦးပဋ္ဌင်းကြီးဦးပညာ သာမိက...

''မောင်အောင် မင်းခုမှပြန်လာသလား၊ တို့ဆရာတော် ကြီး၏အမွေ ဝေခြမ်း၍ ပေးပြီးပြီ၊ ငါ့ဘာသည့်နောက်ကျလေ ခြင်းကွယ်'' ဦးပညာသာမိ ကိုယ်တော်သည် ဦးခေါင်းကုတ်၍ ဆရာတော်ကြီး၏ အခန်းတွင်းသို့ ဝင်သွားပြီး ခေါင်းအုံး စာစ်လုံးကို ပိုက်လာလာ –

''မောင်အောင် တခြားဘာမှ ပေးစရာမရှိဘူး တပည့် ရယ်....

ဆရာတော်ကြီး အမြဲအုံးတဲ့ ခေါင်းအုံးကိုပဲ ယူပေတော့ ဟု လှမ်း၍ ပေးလိုက်လေ၏။

မောင်အောင်သည် ဆရာတော်ကြီး၏ ခေါင်းအုံးကြီးကို မိမိရင်ခွင်ဝယ် ပွေ့ပိုက်လျက် မျက်ရည်များ အသွယ်သွယ် ကျဆင်းလာက၊ စမ်းနည်းကြေကွဲစွာ မိမိ အခန်းသို့ ထ၍ ပြန်သွားလေ၏။

ကြေးနီပုရပိုက်

တစ်နေ့သောအခါ ရွှေရောင်တော် ဘုရားကြီး အရှေ့ စောင်းဘက်အနီး သိုက်ဆရာများ သိုက်တူးကြရာ ကြေးနီ ပုရပိုက်တစ်ဆူ ရရှိသွားသည်ဟု သတင်း ကြားသောအခါ ဦးပဥ္စင်းကြီးနှစ်ပါးက ဆရာတော်ကြီးရှိစဉ်က ကြေးနီပုရပိုက် တစ်ဆူ ရတော်မူခဲ့ဖူးသည်။ ၎င်းကြေးနီပုရပိုက်ကို မည်သူ့ ကိုမျှ အပ်နှင်းတော်မမူခဲ့၊ ယခုအခါ ဘယ်မှာထားရှိခဲ့သည် ကိုလည်း မသိဟု တိုင်ပင်ကာ စုံစမ်းရှာဖွေကြလေ၏။

ထိုအခါမှ မောင်အောင်သည် အမွေရရှိသော မိမိ အုံး နေသည့် ခေါင်းအုံးတွင်းမှ မာမာအရာကို ထောက်မိသဖြင့် ခေါင်းအုံးကို ဖောက်၍ ကြည့်ရာ ကြေးနီပုရပိုက်ကို တွေ့လေ ၏။ မောင်အောင်သည် ဝမ်းမြောက်ဝမ်းသာ ကြေးနီ ပုရ ပိုက်ကို အဝတ်ဖြင့် လုံခြုံစွာထုပ်၍ ရွှေရောင်တော် ဘုရားကြီး ဝင်းအတွင်းသို့ သွားရောက် ဝှက်ထားလေ၏။

ပထမအကြိမ်

တစ်နေ့အခါ မောင်အောင်သည် ကျောင်းတွင်ရှိသော သိမ်ဝင်သပိတ်ကဲ့တွင် အင်းချ၍ သူ့မိခင် ဆွမ်းချက်သောအခါ ထိုင်သော ထိုင်ခုံအောက်မှာ အသာ မှောက်၍ ထားခဲ့လေ၏။

နောက်တစ်နေ့ လင်းကြက်တွန်မြူး၊ ရှောင်နီဦး ဖြာချိန်တွင် မိခင်ဖြစ်သူသည် ဆွမ်းချက်ရန် ထိုင်ခုံပေါ်သို့ ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် အင်းကို ကျော်မိ၍ လူမှန်းမသိ အတိမ်မေ့လျော့ လဲကျသွားလေ၏။

အဘဦးစံမြဘီညိုမှာ စိုးရိမ်တကြီး ဆရာသွားခေါ်ရာ လမ်းတွင် သားမောင်အောင်နှင့် တွေ့၍ မောင်အောင်က ပြုံးရွှင်စွာ—

"အဘ—အရေးတကြီး ဘယ်ကို သွားမလို့လဲဗျ" ဟု ဆီးကြို၍ မေးလိုက်၏။

ဦးစံမြတ်ညိုသည် ဆံပင်ကို ပြင်၍ ထုံးနေစဉ်—

'မင်းအမေ ဆွမ်းချက်မလို့၊ မီးဖိုဆောင်ထဲ အရောက်မှာ သတိမေ့ လဲကျသွားလို့၊ အနီးပိုင်းက ဆရာကြီး သွားပင့်မလို့ မင်းလိုက်ခဲ့ဦးမလား' ဟု ပြောလေ၏။


မောင်အောင်သည် ဟက်ဟက်ပက်ပက် ရယ်ရမောလျက်—

"အဘရာ မစိုးရိမ်ပါနဲ့ ကိစ္စမရှိပါဘူး၊ အခုပျောက်ကင်းသွားမှာပေါ့၊ လာ...အိမ်ပြန်မယ်" ဟု ပြောပြောဆိုဆို ဖခင်၏ လက်ကို ဆွဲကိုင်ကာ အိမ်သို့ပြန်သွားကြသည်။

အိမ်သို့ ရောက်လျှင် ထိုင်ခုံအောက်မှ အင်းကို ဖယ်ရှား လိုက်လျှင်ပင်-မိခင်မှစ လူကောင်းပကတိ ပျောက်ကင်းသွား လေ၏။

ထိုအချိန်မှစ၍ ၎င်းအင်းကို 'ငါသည် အချိန်မရွေးအစား နိုင်ပြီ' ဟု ဆုံးဖြတ်ပြီးလျှင် အင်းကိုယူ၍ ရွှေရောင်တော် ဘုရားကြီးသို့ သွားတာ ဖျက်ဆီးပစ်လိုက်လေတော့၏။

(ပညာဒလိုအားရသော ပုဂ္ဂိုလ်များ အတွက် ထည့်သွင်း ဖော်ပြလိုက်သည်။)



(အမှတ်စဉ်အတိုင်း စ၊မမျှ၊ သွင်းပါလေ။)

| | |
|---|---|
| ခဗဓစ | စစ်ဆင့်ပြသောစမ၊ |
| စခဗဓ | အင်းစီးသော စမ၊ |
| နမငဝ | နာနာဘာဝဖြစ်သော စမ၊ |
| ဒခပဖ | အကာရသောစမ၊ |
| ဝရကန | ငွေလာသောစမ၊ |
| နအပဓ | မီးဖြစ်သောစမ၊ |
| ပမဝဏ | မြေထဲမြင်သောစမ၊ |
| ဝဟုလယ | ရေကိုသွားသောစမ၊ |
| ကလ်ဟာအ | ဝိဇ္ဇာကျသောစမ၊ |
| လဝပဖ | ရွာသူချစ်သောစမ၊ |
| အကဗဝ | အာဏာတည်သောစမ၊ |
| စငပဓ | မိန်းမချစ်သောစမ၊ |
| ရဃဝဟ | လှေသွားသောစမ၊ |
| ဃဝနအ | သူယောင်စေသောစမ၊ |
| စဆဝဏ | မြေတုန်သောစမ၊ |
| ဋ္ဌမရဏ | ကျားဖြစ်သောစမ၊ |
| ဋတပဗ | ကိုယ်ပျောက်သောစမ၊ |
| ဝလရဃ | မြို့ကိုတုန်လှုပ်စေသောစမ၊ |
| ဓ်ထုဏတ္တ | မြို့ကိုပူပြင်းစေသောစမ၊ |

| | |
|---|---|
| သဆဝမ | ဆင်ဖြစ်သောစမ၊ |
| ငှ်သညဘ | မြင်းပျံဖြစ်သောစမ၊ |
| ခမဝအ | ဒေဝီရုကို ကိုယ်ဘိုင်မြင်သောစမ၊ |
| အပဏလ | ကြေးနီသုတာဖြစ်သောစမ၊ |
| ဌမယအ | ရွှေငွေကိုဒယ်နှင့်ကျိုပြုသောစမ၊ |
| ညဲခမဓ | သူရဿတီကိုယ်တိုင်ပြုသောစမ၊ |
| ဟဝသဗ | ပြဒါးကို သစ်မြစ်နှင့်ပြုချေသောစမ၊ |
| ထဌဗဍ | နဂါးယောင်ဆောင်သောစမ၊ |
| ဝဟမခ | ဆင်ဘပ်ခင်းရှုပြုသောစမ |
| ဆငဏယ | ကိုးဗိုလ်ကိုးတပ်အင်ပြုသောစမ၊ |
| ဏခဗဓ | မီးမှုအိပ်ပြုသောစမ၊ |
| ဓယလယ | နေအ-၂-ပါးတိုက်သက္ကဲသို့ပြုသောစမ၊ |
| သလဟဌ | နှောင်အိမ်မှထွက်သောစမ၊ |
| ဓဂညမ | ခြေလေးချောင်းကို တစ်ချောင်းမျောက် ပြုသောစမ၊ |
| နှလဓယ | လိုရာငွေလုပ်ပြုသောစမ၊ |

‘ဤစာအုပ်တွင် ဖော်ပြပါ အင်းစာများကို သူတစ်ပါး ပျက်စီး အန္တရာယ်ဖြစ်အောင် အလွဲသုံးစားအဖြစ် အသုံးမပြုရန် တောင်းပန်ပါသည်’

**ကာယသိဒ္ဓိ**

ဒုတိယအကြိမ် ကာယသိဒ္ဓိအင်းကို ထန်းရွက်ပေါ်တွင် အင်းချ၍ ပြာပြုပြီးလျှင် ကျောင်းသို့ သွား၍ ကြက်ဖကြီး တစ်ကောင်ကို ဖမ်းပြီး အင်းပြာများကို သုတ်လိမ်း၍ ပေး လေ၏။

မောင်အောင်သည် ကြက်ဖကြီးကို ပိုက်လျက် ကျောင်း သားများ စားနေသော ဂုံညင်းဝိုင်းသို့ သွားရောက်ကာ–

'ဟေ့ ကောင်တွေ…မင်းတို့ ဒီကြက်ဖကြီးကို အောအောင် ရိုက်နိုင် ရိုက်ကြ၊ ကြက်ဖကြီးသေရင် ငါ့တာဝန်ထား၊ ဆရာ တော် ရိုက်ရင် ငါခံမယ်'

ဟု ဆို၍ ကြက်ဖကြီးကို ပစ်ချပေးလိုက်လေ၏။

ကျောင်းသားများသည်…

'မင်း ကတိတည်ပါစေ…မောင်အောင်ရေ'

ဟု ပြောပြောဆိုဆို ထင်းစင်မှ ထင်းချောင်းများကို ဆွဲ ယူ၍ ဝိုင်းရိုက်ကြသော်လည်း ကြက်ဖကြီးမှာ အစာကောက် ပင် မပျက် ဖြစ်နေရာ ဝိုင်းရိုက်ကြသည့် သူငယ်များမှင် မောသ ပြူလာ၏။

ထိုအချိန် ကျောက်းတက် တုံး ခေါက်နေပြီ ဖြစ်သဖြင့် မောင်အောင်က…

'မင်းတို့ နေ့စက်ထပ် ဖိကြွက်ဖကြီးကို ရိုက်လျှင် ငါ ထာဝန်မခံ၊ ကိုယ့်အပြစ် ကိုယ်ခံရမည်'

ဟု ပြောဆိုကာ ကြွက်ဖကြီးကို ရေဆေးလွှတ်လိုက်ပြီး ကျောင်းတက်သွားကြလေ၏။


စမလေးဖြာ မြတ်ဂါထာ

၁ – ကာမေဆု စရိယာဘိဝေသေ၀ စရသီဝေလာ ဘာထာ- ဂမေတာ၊ စရိတွာ သမ္ဗုဟိဏတ္တံ စတုပုဂ္ဂလေန ဥိတေ၀။

၂ – ဂါသေရာစ အဓိဋ္ဌာန် အဓိဋ္ဌာယ တထာဂဇတာ၊ ဓာရေတွာ ဖေဒမိ သမ္ဗုဒ္ဓါရေ ဓမ္မသာ သဗ္ဗ- ဝိမုစ္စသိ။

၃ – ဆာသေရာစ ဗလုံဥေယျ ဗလံသတ္တစိမ် ဘာဝေ၊ ဗလံ ထတ္တရိရတနံ ဗလံ-ဗလံအာပဝဒိဒသ။

၄ – ကာရံစရိယံဥေယျ ဝီရိယာ ရဇ္ဇကာဝရဏံ၊ ဝီရိယ ပါရမီ ဂန္တ္ဝာ ဧရပေါဓိသဇေလဘိ။



လက်ယာရစ် ဓရှုပတ်တား

## ရှိန်းဆာယာ

နွားကျောင်းသားအရွယ် ရောက်လာသည် ရှိန်းဆာယာအင်း၊ စိမ်ရန် ဂမုန်းနီ၊ ဂမုန်းနက်များ ရှာဖွေ၍ အင်းရေးသား စီရင်ပြီးလျှင် လက်ပန်ရှည်ရှာ မိဘများထံ၌သာ ဆက်ပန်ရှည်ရှာ အရှေ့ဘက် လိမ္မော်ကုန်း၊ ယခု ရှိန်းဓါး၊ ရင်းလိမ္မော်ကုန်းတွင် နွားကျောင်းနေသော နွားကျောင်းသားများနှင့် တူတူပုန်း ကစားကြလေသည်။ ၎င်းတို့ ကစားနေသည့် နေရာမှာ မြောက်ဘက်နား၌ ညောင်ပင်တစ်ပင်၊ တောင်ဘက်နား၌ ညောင်ပင်တစ်ပင် ရှိလေသည်။

ခေါင်းဆောင်အလှည့် တူပုန်းသော အခါ ညောင်ပင်ပေါ်တက်၍ တူ...တူ...ခေါ်ပြီးလျှင်—

'အမေ့ကြောင် ညောင်ပေါ်လေ့လား၊ ဝါဟဲ့ ယောကျ်ား' ဟု ကြိမ်းလေ၏။

နွားကျောင်းသားတို့သည် အသံထွက်ပေါ်လာရာ ညောင်ပင်ကို ဝိုင်း၍ တက်ကြလေ၏၊ ညောင်ပင်ပေါ်သို့ ရောက်သောအခါ မြောက်ဘက်ညောင်ပင်မှ ...

'အမေ့ကြောင်ညောင်ပေါ်တော့လား ဝါဟဲ့ ယောကျ်ား' ဟု ကြိမ်းပြန်လေ၏။ မြောက်ဘက် ညောင်ပင်သို့ လိုက်ကြသောအခါ တောင်ဘက်ညောင်ပင်မှ ကြိမ်းပြန်၏။ နွားကျောင်းသားများ မောရ၍မလိုက်နိုင်တော့မှ ခေါင်းဆောင်သည် ညောင်ပင်ပေါ်မှ ဆင်းလာသတော့၏။

| | | | | | |
|---|---|---|---|---|---|
| ဗု | ရ | ဏ္ဍာ | ဓ | ရ | ဏ္ဍာ |
| ဂ | | ဒ္ဓံ | ဂ | | ဒ္ဓံ |
| သံ | ဓိ | ဏံ | သ | ဖိ | ဏံ |
| ဘာ | ဒု | နံ | သံ | ရု | ဏ္ဍာ |
| ဘ | | ဒ္ဓိ | ဂ | | ဃံ |
| ဓ္ဓ | တ္တ | ဉ္စ | သ | ဖိ | ဏံ |

## သရဏဂုံ စမ အင်းရှင်

ဤ သရဏဂုံ စ-မ အင်းရှင်ကို စီရင်လိုသော် အလယ်ကွက်လပ်တွင် အလိုရှိသော စ-မကို သွင်းပါလေ။

အညတစ ။ ဉာဏ်ပညာ ကြီး၏။
ပဋ္ဌမ ။ ခရီးသွား လျင်မြန်၏။
ကစငဆ ။ နတ်များ ချစ်၏။
သဝဂန ။ စည်းစိမ်ဥစ္စာ တိုးပွား၏။
ဝနဒအ ။ ဩဇာအာဏာ ကြီး၏။

ငွှထပဗ ။ ကိုယ်ပျောက်၏။
နယဝဟ ။ ကိုယ်ပြွှကို သူ မမြင်။
တဌထမ ။ ပေါ့ပါး၏။
လဋဟဂ ။ မေ့ထုံထိုင်း၏။

—ဝ—

ဂမုန်းမျိုး ၁၂၈-ပါးမှ အထူးအစွမ်းရှိသော ဂမုန်းမျိုးများတို့ကို လေ့လာလိုက်စားသူများအဖို့ ပြဆိုလိုက်ပါသည်။

၁။ ဂမုန်းနီ။ ၂။ ဂမုန်းနက်။ ၃။ ဂမုန်းဖြူ။ ၄။ ဂမုန်းခတ္တာနီ။ ၅။ ဂမုန်းခတ္တာဖြူ။ ၆။ ဂမုန်းစတ္တာကြောင်။ ၇။ ဂမုန်းလိပ်မထွာ။ ၈။ ဂမုန်းရှိန်လွှတ်။ ၉။ ဂမုန်းကတိုး။ ၁၀။ ဂမုန်းခါးတင်။ ဤ ၁၀-ပါးသော ဂမုန်းတို့ကား အထူး အာနုဘော် ကြီးပေသည်။

(အဆင်းအတ္တာနှင့် အာနုဘော်ကို ရှေ့ အခန်းများ၌ ဖော်ပြပါအံ့)။

## အာဏာတည်

တစ်နေ့သောအခါ မောင်အောင်သည် အာဏာတည် အင်းကို ကြေး ဆမ္ပဝါတွင် ရေးသား စီမံပြီးသော အခါ ဘုန်းတော်ကြီးများ၊ထံတွင် ဆန်ကိုတောင်း၍ ဒယ်ကြီး ဒယ်ငယ် အသွယ်သွယ်တို့ဖြင့် ကျိုချက်ပြီးသော် ထန်းလက်များ၊

ပေါ်မှာဝံ့၍ အရှေ့ကို လက်ပန်ရှည်၊ အနောက်ကို အင်းရွှစကြီး၊ မြောက်ကို သဲတန်၊ တောင်ကို ဝချက်ကန်၊ ၎င်းရွာအတွင်းရှိ မှီတင်း၍ နေကြကုန်သော ခွေးအပေါင်းတို့သည် ဝါခမောင်အောင်အမိန့်ဖြင့် အကုန် လာကြရမည်..ဟု ဆင့်ခေါ်လေ၏။

၎င် လေးရွာအတွင်းရှိ ခွေးအပေါင်း တို့သည် အကုန်လာ၍ မောင်အောင်၏ ရှေ့မှောက်၌ ဝတ်ကြကုန်၏၊ ထိုအခါ မောင်အောင်က..

"ငါသည် စားနေ့အဖို့ မောင်မင်းတို့အား ဒါနပြုသည် အငယ်ဆုံးသော ခွေးကစ၍ ဝင်၍စား၊ တစ်ကောင်နှင့် တစ်ကောင် ဟိန်းဟောက်ခြင်း မလုပ်ရ၊ ကောင်းမွန်စွာ စားသောက်ကြရမည်" ဟု

အမိန့်ပေးသောအခါ ခွေးအပေါင်းတို့သည် တစ်ကောင်နှင့် တစ်ကောင် ဟိန်းဟောက်ကိုက်ခဲခြင်း မပြုကြဘဲ ကောင်းမွန်စွာ စားသောက်ကြလေ၏။

ခွေးများ စားသောက်ပြီးသောအခါ မောင်အောင်သည် ကျေနပ် နှပ်သိမ့်စွာ ပြုံးရွှင်လျက် ...

"မောင်မင်းတို့ ဝလင်စွာ စားသောက်ပြီးကြပြီ ဖြစ်သဖြင့် ကိုယ့်ရွာ၊ ကိုယ့်အိမ်သို့ ပြန်ကြလေ၊ လမ်းခရီးတွင် တစ်ကောင်နှင့် တစ်ကောင် မကိုက်ကြနှင့်"..ဟု

အမိန့်ပေးလိုက်လျှင်ပင် ခွေးအပေါင်းတို့သည် ကောင်းမွန်စွာ ပြန်သွားကြလေကုန်၏။

ဤကဲ့သို့ မောင်အောင်၏ သတင်းကို တောင်တွင်းကြီးမြို့ အရပ်ဒေသများ၌ ပျံ့နှံ့ ကျော်ကြားလာသောအခါ မြို့ဝန်မင်း၏ အမိန့်အရ မောင်အောင်ကို စစ်တပ်နှင့် လာရောက်၍ ကျောင်းကို ဝိုင်းကြလေ၏။

တပ်မှူးသည် မြို့ဝန်မင်း၏ အမိန့်စာကို ကိုင်ဆောင်လျက် ဘုန်းတော်ကြီးရှေ့မှောက်သို့ ဝင်ရောက်ဝတ်ချ၍ အမိန့်စာကို ဆက်ကပ်ကာ—

“အရှင်ဘုရားကျောင်းတွင် နေထိုင်သော မောင်အောင်ဆိုသူသည် လူများကို မဆိုထားဘိ ခွေးများကို ညှို၍ ခေါ်ငင်နိုင်ကြောင်း တုတ်, ဓား, လှံ, ကာယသိဒ္ဓိ ပြီးမြောက်ကြောင်း ကြားသိရ၍ နောင် ဇနပုဒ် ကျေးရွာရှိ လူများအား ညှိုယူခေါ်ငင်ကာ တိုင်း၊ နိုင်ငံတော်ကြီးကိုပါ လုပ်ကြံ ပုန်ကန်နိုင်ဖွယ်ရာ အကြောင်းအချက်များကြောင့် မြို့ဝန်မင်း၏ အမိန့်အရ မောင်အောင်အား ဖမ်းဆီးရန် ခွင့်ပြုတော်မူပါဘုရား....” ဟု လျှောက်ထားလေ၏။

ဘုန်းတော်ကြီးသည် အမိန့်စာကို ဖတ်ရှုပြီး။

“ဒကာတို့မှားပြီ၊ ဒီသူငယ်ဟာ သူတော်ကောင်း တစ်ယောက်ပါကွယ်၊ ပဉ္စသီလကို နေ့စဉ် စောင့်ထိန်းပြီး သက်သတ်လွတ်စား၊ အမိငွှာန်ပုတီး စိပ်နေပါတယ်၊ ငါ့ကျောင်းမှာတော့ ဒီသူငယ်ဟာ အရိုးသားဆုံးပါပဲ ဒကာ၊ မင်းကြီး

ထင်တဲ့အတိုင်း မဟုတ်ရှာပါဘူး၊ သူ့အတွက် ငါလုံးဝ တာဝန်ခံပါတယ်၊ ဒါကြောင့် မြို့ဝန်မင်းကိုလဲ ငါမေတ္တာ ရပ်ခံတဲ့အကြောင်း ပြောလိုက်ပါ—'
ဟု ပြောဆိုကာ အမိန့်စာကို တပ်မှူးလက်သို့ ပြန်အပ်လိုက် လေ၏။ တပ်မှူးသည် ဘုန်းတော်ကြီးအား ဝပ်ချပြီး၊ တပ် ခေါက်ခါ ပြန်သွားလေ၏။

**သာမဏေအောင်**

မောင်အောင်၏ အကြောင်းသည် တစ်မဟုတ်ခြင်း ပျံ့နှံ့ ၍ သွားလေရာ မိဘတို့မှာ မောင်အောင်အတွက် နေ့စဉ် စိတ် မှအေးရသဖြင့် ရှိစုမဲ့စုပစ္စည်းများ ထုံခွဲရောင်းချ ပေါင်နှံပြီး မောင်အောင်အား ရှင်ပြုကြလေကုန်၏။ မောင်အောင်သည် သာမဏေဖြစ်သည့် နေ့မှစ၍ ကျောင်းတွင်မနေ တောတွင်း၌ သာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပွားများခြင်း၊ အဓိဋ္ဌာန် ပုတီး စိပ်ခြင်း စသော ပါရမီစခန်းများဖြင့် နေ့ရက်များ ကုန်လွန် စေ၏။

ကိုရင်၏သတင်း အလွန်ကြီးသဖြင့် မြို့စန်သည် အခဲမကျေ နိုင်အောင်ဖြစ်၍ မြို့မှတင်ပန်း စစ်တပ်နှင့် ဝိုင်းကြပြန်၏။

ကိုရင်ကို ရှာ၍ မတွေ့ကြသောအခါ မိဘတို့ကို ဖမ်းသွား ကြလေတော့၏။

ထိုအခါ၊ ရွှေရောင်တော် ဆရာတော် ၂ပါးနှင့် တောင် တွင်း၊ကြီးမြို့ရွှေပစ္စင်ဆရာတော်ကြီးများလိုက်၍မေတ္တာရပ်ခံမှ မိဘများအား၊ ပြန်လွှတ် လိုက်လေတော့သည်။

မောင်အောင်သည် တောင်တွင်းကြီးမြို့တွင် နေထိုင်၍ မပြစ်တော့သည်တတစ်ကြောင်း၊ တက်စဉ် ပညာစခန်းများ လည်း အပြီးအဆုံးသို့ မရောက်ရှိသေးသဖြင့် သူငယ်ချင်း ဖြစ်သူ မောင်ကြည်အစး ခေါ်ဆောင်၍ လူဝတ်လဲကာ ပြည် မြို့သို့ သွားကြလေ၏။

တစ်နေ့သောအခါ မောင်ကြည်သည် ပြည်မြို့၌ နေထိုင် ရန် ပျင်းရိငြီးငွေ့လာသဖြင့် သူငယ်ချင်း မောင်အောင်နှင့် တိုင်ပင်လေရာ၊

"မောင်အောင်ရယ်—ငါတော့ကွာ၊ ငါ့မိဘဆွေ မျိုးတွေကို လွမ်းတယ်၊ ဆရာတော်ကိုလဲ အောက်မေ့ တယ်၊ ဒေါ်ဒီမြို့မှာ မနေချင်တော့ဘူးကွယ်၊ ငါ မင်း အပေါ်ကို ဘယ်တော့မှ မေတ္တာ မပျက်ပါဘူးကွာ၊ တောင်တွင်းကြီးကိုပဲ ပြန်ပါရစေလား၊ သူငယ်ချင်း ရယ်" ဟု ပြောလေ၏။

မောင်အောင်သည် နားထောင်နေရာမှ ဟင်း....ခနဲ သက် ပြင်းချကာ....

"မောင်ကြည်....ငါကတော့ ဆိုးတူ ကောင်းဖက် သူငယ်ချင်းအနေနဲ့ မင်းကို ပညာစခန်း တက်ပေးချင် ပေမယ့် မင်းမနေချင်လို့ ပြန်ချင်လဲ ငါမတားပါဘူး ကွာ၊ မင်း ရွာရောက်တဲ့အခါ ဆရာတော်တွေကိုလဲ ငါ-ဒီကဝတ်ပြုလိုက်ပါတယ်လို့ — လျှောက်ထားလိုက် ပါကွယ်၊ နောက်တစ်ကြောင်း ကတော့၊ မင်းဖြစ်

မင်းဒင်္ကာ စိုးရိမ်မကောင်း ဖြစ်နေကြသည့် ငါ့မိဘနှစ်ပါး ပြည်မြို့သို့ ပြောင်းခဲ့ကြပါလို့ ပြောကြာ၊ လိုက်ပါ ကွာ၊ မင်း ပြန်တဲ့အခါ လမ်းခရီးမှာ သုံးစွဲဖို့ မတ်ပွား တစ်စေ့ ယူသွားပေတော့ကွာ''

ဟု မတ်စေ့ တစ်စေ့ကို အိတ်အတွင်းမှ နှိုက်ယူပေးလိုက်ပြီး သူငယ်ချင်းနှစ်ယောက် ဝမ်းနည်းစွာ ခွဲခွာကြလေတော့၏။

မျှားမကြာမီ မောင်အောင်၏ မိဘများ ပြည်မြို့သို့ ဆိုက်ရောက်လာကြသဖြင့် မိဘများကို နဝင်းရပ်တွင် ထားလေ၏။

ဦးစိုင်း


ဦးအောင်သည် ရေထဲမှာ ဆင်း၍ အင်းပေါင်း တစ်ထောင် အစားရန် စီမံနေခိုက်တွင် နန်းတွင်းရေးရှုပ်ထွေးပြီး နက္ခတ်တော်အခါ မကြံ့ကျက်၍ ဦးစိုင်း၊ ဦးမြတ်ထင်၊ ဦးကျော်ရွေး၊ ဦးပေါ်ဦး၊ ဦးရွှေသာ၊ ကျွန်ရှင်ငါးဦးတို့သည် ပြည်မြို့သို့ ရောက်ရှိလာကြလေတော့၏။

တစ်နေ့သောအခါ ဦးအောင်နှင့် တွေ့ဆုံခင်မင် ရင်းနှီးလာကြသဖြင့်—

ဦးဝိုင်းက — ''မောင်အောင်၊ ငါသည် အထွတ်အထိပ်သို့ရောက်က မင်းအစား စောင့်ရှောက်ပါမည်''

ဟု ပဋိညာဉ်ထားကာ လူချင်းခွဲခွာ၍ သွားကြ လေ တော့၏။

ဦးဆောစင်ကြည် အင်းပေါင်းတစ်ထောင် စာစီး၍ အပြီး သို့ ရောက်ထောအခါ ပြည်မြို့ရွှေဆံတော်ဘုရား၏ တနင်္ဂနွေ ထောင့်အရပ် ယခုတိုင်တည်ရှိသော ''မြင်ပါဟု'' စေတီပြင် သို့ သွားရောက်၍ ဝိဇ္ဇာမဟိဒ္ဓိ ပထမံဆေးရုပ်ရှင်များကို စီမံ ဆောင်ရွက်တော်မူလေသည်။



ဝိဇ္ဇာမဟိဒ္ဓိ ပထမံရုပ်ပွားတော်

ဤ ဝိဋ္ဌာ မဟာဓိဗ္ဗိ ပထမ ရုပ်ပွားတော် ရေးသောအခါ အက္ခရာ တစ်လုံး တစ်လုံး၊ ရေးတိုင်း၊ (အက္ခရာ ကေ ကော့ ဗုဒ္ဓ ရုပ်)ဟု ဆို၍ ရေးရမည်။

ဝင်းရုပ်ပွားတော်ကို သိမ်ဝင်သပိတ်ကွဲတွင် ရေး၍ ဆောင်ပီ ဆောင် ရန်အမျိုးမျိုး ပပျောက်၏။

ရွှေပြား ငွေပြား ကြေးပြားပေါ်တွင် ရေး၍ဆောင်ဆောင် ဆဗ္ဗပီယာသျှို ပြီး၏။

ရွှေပြားတွင်ရေး၍ အနေအထားစာင်ပြီး ဆောင်သော် မီး မလေးခင်နိုင်၊ ကာယသိဒ္ဓိပြီး၏။

ပေဖူး ပေရွက်ပေါ်တွင် ရေး၍ မီးနှင့် မြို့ ကြက်ဆောင် စုန်း တိုက် နတ်တိုက် သူပြု တန်ပြန်၏။

ခဲမဖြူပေါ်တွင်ရေး၍ ဆောင်သော် အကြံ့အစည်အောင်ပီ ၏။ တရားနိုင်၏။ ကုန်စွ ၏။

(အကျိုးများစွာ ညွန်းသည်။ ဥက်ကိုရွှေထားခါ ကြံဆ သုံးကြလေ။)

ဝင်းနောက် ဦးအောင်ဆည် အထူး ချစ်ကျွမ်းဝင်ခဲ့ဖူး သော မောင်ကြည်နှင့် တွေ့လိုသော ဆန္ဒအလျောက် ကိုယ် တိုင် ကြွရောက်တော် မူ၍ မောင်ကြည်နှင့် တွေ့ဆုံကြလေ သည်။

မောင်ကြည်သည် ထိုအချိန်က မြင့်မြတ်သော ရဟန်း ဘဝသို့ ရောက်ရှိနေပြီဖြစ်၍ ကျောင်းမှာနေစဉ်က ထားရှိခဲ့

ဖူးသည့် ကတိအတိုင်း မပျက်မကွက် အထူး စောင့်ရှောက်ချီးမြှောက်တော်မူ၍ ဃက်ယာဓအောင်မြေ လုပ်ရတ်လှမ်းကို လက်ဆပ် သင်ပြတော်မူခဲ့လေသည်။

### ဃက်ယာအောင်မြေ ရတနာလုပ်ရတ်

"ဃက်ယာဇအောင်မြေ။ ကျွန်းထိပ်ဗွေတွင်၊ စင်
သပြေစစ်၊ ညှာမှာလှစ်၍၊ ဇမ္ဗူရှာင်ရွှေ၊ သုံးရစ်စေ
ဟု၊ ဓာတ်မြေမမူဓ၊ စီရင်ထဓသည်၊ ဂြိုဟ်များ
ထောင့်နင်း၊ ရာဟုမင်းကို၊ နှောင်သွင်း၍ထဓး၊ ကျွား
နံဆမုတ်၊ ဆေးဆန့်ချုပ်ကို၊ သွေးသုတ်၍ကာ၊ တေ
ဇေဇကြီးလှ၊ စန္ဒရကြေး၊ ဖိကာမွေးလျက်၊ ကြန့်လက်
အုပ်မြှုး၊ ဇော်ဂျီလုံစွ၊ ဖိုဝယ်မှာလျှင်၊ ဆာယာဖြည်း
ညှင်း၊ တေဇောသွင်းမှ၊ ကြေးစန္ဒနှင့်။ ထွေးကြွယ့်က်
တင်၊ ယှင်င်ခဏ၊ ဆာသာရျှ၍၊ ဒေါသ်ပြေလေဓက်၊
အာပေါရောက်သော်၊ ဒသာကြာဂြိုဟ်မှင်း၊ ဖြူရောင်
ဝင်းနှင့်၊ ဖြန့်ခင်းစကြာ၊ လှည့်ခသာအခါဝယ်၊ တစ်
ရာသီတွေ့၊ ချိန့်အစေ့တွင်၊ မာန့်ငွေ လျှမ်းလျှမ်း၊
ရှုဟုဓမ်းက၊ နေနန့်းစကြာ၊ ရတနာသည်၊ ရောင်ဝါ
လျှပ်လျှပ်၊ ထက်ဇေဓပြတ်၏၊ ဖြူလှည်းညီး၊ ဟိုင်း
ဆယ်စီးထက်၊ ဆယ်ပဲတက်၍၊ တွဲယှက်လေးတူ၊ ကိုယ်
မင်းကူသော်၊ တောင်ဇမ္ဗူရှင်၊ ရွှေစင်ဖြစ်သည်၊ ထက်
ဆစ်နေနွယ်၊ နီဝင်းစည်း၊ ဉာဏ်တူမှ သိတမ်း" ဟု
ရည်မှန်း၍ လျှို့ဝှက် ရေးသားထားတော်မူခဲ့ပေသည်။

## နန်းတွင်းအရေးတော်ပုံ

၁၁၄၄-ခုနှစ်၊ ဆင်ဖြူရှင်မင်းနောက် သားတော် စဉ့်ကူမင်း နန်းတက်တော်မူသည်။

ထိုမင်းသည် အရက်သေစာ သောက်စား၍ မှူးငယ် မတ်ငယ် မိဖုရားငယ်များနှင့်သာ ပျော်မွေ့နေတတ်လေသည်။ အေးချမ်း ဆိတ်ငြိမ်ရာ၌ အန်ဝစ် ကြက်တိုက် ငါးမျှားနေတတ်သည်။

တစ်ခါသော် စဉ့်ကူမင်းသည် အညာ သီဟတောသို့ မိဖုရားများနှင့် သွားရောက် ဘုရားဖူးလည်စဉ် နောင်တော်ကြီး၏ သားတော် 'ဖောင်းကားစား မောင်မောင်' သည် ညအချိန်၌ စဉ့်ကူမင်းဟန်ဆောင်၍ နန်းတွင်းသို့ ဝင်ရောက်ပြီးလျှင် နန်းကို လုယူ သိမ်းပိုက်လိုက်လေသည်။

ထိုအခါ အလောင်းဘုရား၏ စတုတ္ထသားတော်ဖြစ်သော ဘိုးတော် ဦးဝိုင်းသည် (၇)ရက်သာ နန်းစံရသော ဖောင်းကားစား မောင်မောင်နှင့် နန်းပြင်တွင်ရှိသော စဉ့်ကူမင်းကိုပါ ဖမ်းဆီး သုတ်သင်၍ နန်းတက်လေသည်။

ထိုမင်း(၂)ပါးအပြင် ထီးမွေ နန်းရိပ် ခင်းသော မင်းမျိုးများစွာတို့ကိုလည်း ဘေးရန် ဖြစ်ပေါ်လာမည် စိုး၍ သုတ်ရှင်ပြန်လေသည်။

## ဖမ်းစေအမိန့်တော်

ဦးအောင်၏ သတင်းသည် အထူး ပျံ့နှံ့၍ ထင်ရှားလာသောကြောင့် တိုင်းပြည်ကိစ္စ ထိန်းနန်း အရပ်ရပ်တို့နှင့် ပတ်သက်၍ မြို့ဝန်အသီးသီးတို့က စိုးရိမ်ဖွယ်ရာ မိမိတို့ ထင်မြင်ချက်အတိုင်း ဘုရင် ဘိုးတော် ဦးဝိုင်းအား ထင်လျှောက်ကြသောအခါ ဦးဝိုင်းသည် အရေးမယူ ဂရုမပြု ဥပေက္ခာပြုလျက်ထားလေသည်။

များမကြာမီ ဘိုးဘိုးအောင်၏ သတင်းသံသည် ဘိုးတော် ဦးဝိုင်း ကြားရပန် များသဖြင့် ထိန်းနန်း စည်းစိမ် လုပ်ကြံမည်ကို အထူးပင် စိုးရိမ်တော်မူလေ၏။ ဆိုင်ရာမြို့ဝန် အသီးသီးတို့ကလည်း မကြာခဏ သဝဏ်လွှာများ ပေးပို့ဆက်သခြင်း၊ တိုကိုလည်း၊ သိရှိရသောကြောင့် စိုးရိမ်သည်ထက် ပို၍ စိုးရိမ်လာလေ၏။

ထိုအခါ ဘိုးတော် ဦးဝိုင်းသည် မောင်တင်ဘိုကို ဗိုလ်မှူးခန့်အပ်ပြီးလျှင် ဆိုင်ရာ မြို့ဝန်များထံသို့ ဦးအောင်အား ရာဇဝတ်သား အနေ ချုပ်နှောင် ဖမ်းဆီး ပို့ရန် ဘင်းကျပ်စွာ အမိန့်တော် ထုတ်ပြန်လိုက်သော အခါ မြို့ဝန်များတလည်း မူလကပင် ဖမ်းဆီးလိုသော ဆန္ဒရှိသည့် အလျောက် မဆိုင်းမတွ အမိန့်စာ ရသည်နှင့် တစ်ပြိုင်နက် ဦးအောင်ကို ဝိုင်းကြလေ၏။

ပထမဆရာကြီး ဘိုးဘိုးအောင်သည် မြို့ဝန် ဗိုလ်မှူးနှင့် စစ်သည်တော်များ အလယ် ပြုံးပြုံးရွှင်ရွှင် ဟူဖြေ့ရစွာဖြင့်—

'မောင်တို့—ဘာကိုစွလာကြသလဲ'

ဟုမေး၏။

မြို့ဝန်သည် ထင်းမာသော မျက်နှာထားနှင့် အမိန့်စာကို ကိုင်ဆောင်ကာ—

'ဘုရင်ကေရာဇ် မင်းမြတ်ကြီး၏ အမိန့်တော်မြတ်အတိုင်း တိုင်းနိုင်ငံခေတ် ဆူပူသောင်းကျန်း ပုန်ကန် ထကြွဖွယ်ရာ အကြောင်း များကြောင့် ချုပ်နှောင် ဖမ်းဆီးရန် အတွက် လာခဲ့ခြင်းပေအည်း'

ဟုပြောလေ၏။

ဘိုးဘိုးအောင်သည် လက်တွင် ကိုင်ဆောင် ထားသော စိပ်ပုတီးကြီးကို လည်ပင်းသို့ စွပ်ချလျက်....

'ကောင်းလှပြီ၊ ငါလဲ အောင်စိုင်းနဲ့ မတွေ့ရသည်မှာ အတော် ကြာပြီ၊ အခန့်သင့်လိုက်လေကွာ'

ဟု ပြောဆိုနေစဉ်မှာပင် စစ်သည်တော်များသည် အသင့် ယူဆောင်လာသော ကြိုးများဖြင့် တင်းကျပ်စွာ ချုပ်နှောင် ဖမ်းဆီးသာကာ မိမိတို့ စီးလာသော လှေဦးတွင် ကပ်ဖိ၍ ဆောင်ကျဉ်း သွားကြလေတော့၏။

ဗိုလ်မှူးနှင့် စစ်သည်တော်တို့သည် အားရဝမ်းသာ ရွှင်ပျစွာ ခရီးထွက်လာခဲ့ရာ မကွေးမြို့ မြသလွန်စေတီတော်သို့ ရောက်ရှိ သကာလ ဘုရားဖူးရန် ဗိုလ်မှူးနှင့် တပ်သားများတို့သည် ဆင်းသွားကြလေ၏။

တပ်သားများ ဘုရားကုန်းတော်သို့ အတက် ဘိုးဘိုးအောင်မှာ ဘုရားဖူးပြီး၍ အဆင်း၊ လမ်းတွင်တွေ့ဆုံကြသော အခါ...

'ငါတို့ ဖမ်းဆီးသော ဦးအောင်နှင့် တူသည်' ဟု တီးတိုးတိုင်ပင်ကာ အချို့က လှေသို့ ပြန်ကြည့်ကြသော အခါမှ လှေတွင် မရှိတော့သည်ကို သိရှိကြပြီး တပ်သားတို့သည် ဦးချလျက် ...

'ဆရာကြီး ခင်ဗျား၊ ကျွန်တော်မျိုးတို့ကို သနားသဖြင့် နေပြည်တော်သို့ အရောက် လိုက်တော်မူခဲ့ပါ၊ ဆရာကြီးမပါရှိခဲ့ပါက ကျွန်တော်မျိုးတို့အား ရာဇဒဏ် အပြစ်ပေး ခံရမည် ဖြစ်ကြောင်းပါ ဆရာကြီး၊ ခင်ဗျား'

ဟု ရှိခိုးတောင်းပန် အသနားခံ ကြလေတော့၏။

ထိုအခါ ဘိုးဘိုးအောင်က....

''သင်တို့၌ တစ်စုံ တစ်ရာ ဘေးဒဏ် မရှိစေရ၊ သွားမြဲတိုင်းသွားပါလေ၊ နေပြည်တော် ရောက်ရှိခဲ့လျှင် ငါကိုယ်တိုင် အတွေ့ခံ၍ သင်တို့၏ ဆန္ဒကို ပြည့်ဝစေမည်'' ဟု --

ဆို၍ မြသလွန်ဘုရား ကုန်းတော်ပေါ်သို့ ပြန်တက် သွားလေ၏။

ဖိုလ်မှူးနှင့် တပ်သားတို့သည် နေပြည်တော်သို့ ဆိုက်ရောက်သကာလ ဘိုးဘိုးအောင်သည် ကမ်းဆိပ်မှ အသင့်စောင့်ဆိုင်းပြီး ၎င်းတို့၏ ဆန္ဒအတိုင်း အဖမ်းခံ၍ ဘုရင်ဘိုးတော်ဦးဝိုင်း၏ ရှေ့တော်သို့ ဝင်ရောက် ဆက်သ ကြလေ၏။

ဘိုးတော် ဦးဝိုင်းသည် ထီးနန်းစည်းစိမ်အရှိန် ရာဇဂုဏ်မောက်နေသောကြောင့် ရှေးက ပဋိညာဉ် ကတိကဝတ်ကို သတိမမူ အရေးမထားတော့ဘဲ....

အရှင်လတ်လတ် မီးမြှိုက်၍ သတ်စေ ဟူ အမိန့်တော်ချမှတ်လေတော့သည်။

အာဏာစပါးကွက်သားများလည်း အမျိုးမျိုး အဖုံဖုံမီးရှို့ သတ်ဖြတ် ကြသော်လည်း မွေးညှင်းကိုမျှ မလောင်မကျွမ်း ဣန္ဒြေမပျက် ပြုံးရွှင်စွာနှင့်ပင် ပုတီးစိပ်နေသော ဘိုးဘိုးအောင်ကို တွေ့မြင်ရသောကြောင့် စိုးရိမ်တကြီးဘုရင့်ထံမှောက်သို့ ဝင်ရောက်သံတော်ဦးတင်ကြလေ၏။

အကြောင်းစုံကို ကြားသိရသော ဘုရင်ဘိုးတော်ဦးဝိုင်းသည် အခဲမကျေနိုင်ရှိလျက်....

မောင်မင်း တို့သည် မောင်အောင်အား နက်လှစွာသော ကျင်းကြီးတူးခါ ပစ်ချ၍ အရှင်လတ်လတ် မြှုပ်နှံပြီး သတ်စေ— ဤအကြိမ် ငါကိုယ်တိုင် ရှုစားတော်မူမည် ဟု အမိန့်ချမှတ်လေပြန်သည်။

အစကာ ပါးကွက်သစ၊ တို့သည် အမိန့်တော် အတိုင်း၊ အဆောတလျှင် နက်စွာသော ကျောင်းကြီးတွးပြီး ဘိုးဘိုးအောင်ဆား ပစ်ချ၍ မြေမျှား ဖို့ကြလေတော့၏။

“ဘိုးတော်ဦးဝိုင်းသည် မှူး မတ် မိဖုရားနှင့် တကွနန်းပြင်ပေါ်မှ ရှစခုးလျက် ငါကြံလျှင် ခံနိုင်ရိုးလား မေစင်အောင်ရှာဟု”

လက်သီးလက်မောင်းတန်း၍ ရေရွတ်လိုက်စဥ် ပထမ ဆရာကြီး ဘိုးဘိုးအောင် ပေါ်ပေါက်လာကာ ဦးဝိုင်း၏ ပခုံးကို ပုတ်လျက်—

“မေစင်စိုင်းရယ်— မင်းဟာ ကံတိသစ္စာ ဖျက်ပြီး ငါ့ကို အမျိုးမျိုးသတ်သော်လည်း သေဖို့ရာ ပမျှော်လင့်နှင့် မင်း၏ ထီးနန်းစည်းစိမ်ကိုလည်းလိုချင်တောင့်တရန်ဝေးစွ မစင်ဘင်ပုပ် လောက်မျှ ငါအမှတ်မထား၊ နိုင်ငံကို မင်းလုပ်၍ အုပ်ချုပ်ချင်လျှင် မင်းကဲ့သို့ အပင်ပန်းမခံရ။ ငါ့အစွမ်းကို မင်းသိလိုက ငါရေးပေးသော (ဝ)အက္ခရာ တစ်လုံးကိုပင် မင်းပျက်အောင် ဖျက်စမ်းပါ မင်းဖျက်နိုင်ရင်တော့ ငါ့ကို နိုင်မည့်သူ ဖြစ်ပေမည်” ဟု နန်းပြင်တွင် (ဝ)အက္ခရာတစ်လုံး ရေးပေးလိုက်လေ၏။

ဘုရင် ဘိုးတော်ဦးဝိုင်းသည် မှူးမတ် မိဖုရားများ ရှေ့တွင် မခံမရပ်နိုင်လောက်အောင် ရှက်တော်မူလှသဖြင့် ရေးထားသော (ဝ)အက္ခရာကို အားပါးတရ ဖျက်လိုက်ပါသော်လည်း တစ်လုံးဖျက်က နှစ်လုံးပေါ်၊ နှစ်လုံးဖျက်က လေးလုံး

ပေါ၊ လေးလုံးဖျက်ကဲ ရှစ်လုံးပေါ၊ ဆတ်ကျဲထမ်းပိုး တိုး၍ တိုး၍ပင် (၀)အက္ခရာများ ပွားများ ပေါပေါက်လာသော ကြောင့် နန်းပြင်တစ်ခုလုံး (၀) အက္ခရာများနှင့်သာ ပြည့်၍ နေပေတော့၏။

ထိုအခါ ဦးဝိုင်းသည် မျက်နှာတစ်ခုလုံးမှ စီးဆင်းလာ သော ဇောချွေးများကို လက်နှင့်သပ်ချကာ ညှိုးငယ်သော မျက်နှာဖြင့်....

''မောင်အောင် ငါမှားပါပြီကွာ''...ဟု

ဝန်ချ တောင်းပန် လေတော့၏။

ဘိုးဘိုးအောင်သည် ဟက်ဟက်ပက်ပက် ရယ်မောလျက် ပေရှက်ငယ်မှေါတွင် စ-မ, အက္ခရာများ ရေးသား၍ ပစ် လိုက်သည့် ခဏ၌၊ တောင့်တင်းထွားကြိုင်းလှသော စစ်သည် တော်များ နန်းပြင် တစ်ခုလုံး ကြိတ်ကြိတ်တိုး ပေါပေါက် လာလေတော့၏။

ဘိုးတော်ဦးဝိုင်းသည် မြင်တွေ့ရသော စစ်သည်တော်များ ကိုကြည့်ရှုလျက် ထိတ်လန့် စိုးရိမ်၍ လာလေ၏။

ဘိုးဘိုးအောင်သည် ပေါပေါက်လာသော စစ်သည် တော်များအား လက်ညှိုးညွှန်ပြခါ...

''မကြောက်ပါနဲ့ မောင်စိုင်းရဲ့ ဒီစစ်သည်တော် များဟာ မင်းအတွက် အသုံးဝင်သော်လည်း မင်းနဲ့

ငါ ပြည်မြို့တွင် ထားခဲ့ဖူးသော ပရိုညာဉ်ကို မင်း ဖျက်သောကြောင့် သစ္စာ မရှိ ကတိ မဘည် သော မင်းကို ငါ မကူညီ လိုတော့ပြီ၊ မင်းသည် တိုင်းသူ ပြည်သားများအား ရင်ဝယ်သားပမာ သနားချစ်ခင် ပြီး သူသနာ့ ဒါယကာ မင်းကောင်း မင်းမြတ် အဖြစ်သို့ ရောက်ရှိအောင် မင်းကျင့်တရား တစ်ဆယ့် နှစ်ပါး၊ သင်္ဂဟတရား လေးပါး လက်ကိုင် ထား၍ အုပ်ချုပ်သင့်သည်''

မင်းကျင့်တရား (၁၂)ပါး

၁။ ရတနာသုံးပါးကို ပြစ်မှားတော် မမူခြင်း။
၂။ အဘိဇ္ဈာ တရားကို ရှောင်ကြဉ်တော်မူခြင်း။
၃။ အလှူပေးသူတို့အား နှစ်လိုအားရတော်မူခြင်း။
၄။ ပညာရှိတို့ကို ချစ်ခင်နှစ်သက်တော်မူခြင်း။
၅။ လျှင်စွာ အလှူဒါန ပြုတော်မူခြင်း။
၆။ မမှသတ် စေသော အရိုးကိုယူတော်မူခြင်း။
၇။ နည်းနာကို ယူတော်မူခြင်း။
၈။ ပုံပြင်ကို ပြုတော်မူခြင်း။
၉။ ပဉ္စသီ ငါးပါးကို ဆောက်တည်တော်မူခြင်း။
၁၀။ အမျက်ဒေါသကို ချုပ်တည်းတော်မူခြင်း။
၁၁။ အကုသိုလ်တရားကို ပြုတော်မမူခြင်း။
၁၂။ ပြည်သူ၊ ရဟန်းတို့ အပေါ် တရားမျှတ ကောင်း စွာ အုပ်ချုပ်တော်မူခြင်း။

သင်္ဂဟတရား (၄)ပါး

၁။ ပေးကမ်းစွန့်ကြဲခြင်းလည်း တစ်ပါး၊
၂။ ချစ်ဖွယ်သောစကားကိုသာ ဆိုခြင်း တစ်ပါး၊
၃။ အကျိုးစီးပွားကို ကျင့်ခြင်းလည်း တစ်ပါး၊
၄။ ကိုယ်နှင့်အတူ ပြုတော်မူခြင်းတစ်ပါး၊

စသော ပင္ဍိသန္ဓာရစကားများကိုအမိန့်ရှိပြီးသည့်အဆုံး၌ ပျောက်ကွယ်သွားလေတော့သတည်း။

ထိုအခါမှစ၍ စ-မ ဝိဇ္ဇာ ပထမံဆရာကြီး ဘိုးဘိုးအောင်သည် ထွက်ရပ်လမ်းသို့ လုံးဝကြွမြန်းတော်မူကြောင်း။

စ-မ ဝိဇ္ဇာဓုိရ် ပညာဓိက အလောင်း ပထမံ ဆရာကြီး ဘိုးဘိုးအောင်၏ မြစ်တော်စပ်သူ ဆရာတော် ဦးသုဇာတ ကိုယ်တော်တိုင် မှုမှန်အစစ်ကို အမိန့်ရှိလိုက်သည့် အတိုင်း ရေးသားဖော်ပြလိုက်ရပေသည်။

## ဆရာတော်နှင့် အမေးအဖြေ

ဆရာတော် ဦးသုဇာတ ကိုယ်တော်သည် စ-မ ဝိဇ္ဇာဓုိရ် ပထမံ ဘိုးဘိုးအောင်ဇနပ္ပတ္တိ အကြောင်းအရာများကို အမိန့်ရှိတော်မူပြီးသည့် အဆုံး၌ မရှင်းလင်းသော အကြောင်း အချက်များကို ကျွန်ုပ်သည် ထပ်မံ၍ မေးမြန်းလျှောက်ထား သည်မှာ....

"အရှင်ဘုရား ဂမုန်းတို့ကား မည်သို့သောအစွမ်း သတ္တိမျိုး ရှိပါသနည်း ဘုရား"

ဒကာ—

ထစ်ပင်ကြီးများ ကိုင်းခွပေါ်တို့၌ တွယ်ကပ်ပေါက်သည် ကို ဂမုန်းပင် ခေါ်သည်။ သို့သော်လည်း ဥ,ပါမှ ဂမုန်းစစ် သည်။ မြေတွင် ပေါက်ပြန်ကလည်း ဂမုန်း ခေါ်သည်။ ဂမုန်း အမျိုးပေါင်း ၁၂၈-ပါးရှိ၏၊ အချို့သောဆရာတို့က ဂမုန်းပေါင်း ၁၀၀၀ ဟု ဆိုသောအကြောင်းကို ထောက် ချင့်သော် အစွမ်းထောင်းသော သူ၌ အခြံအရံ များစွာ ရှိ သကဲ့သို့ အစွမ်းရှိသော ဂမုန်းတို့၌ တစ်ပင် တစ်မျိုးလျှင် ၇-ပင် ၇-မျိုးစီ ခြံရံ၍ ရှိသည်။ အချို့လည်း အဖိုအမသာ ရှိသည်။ အချို့လည်း တစ်ပင်တည်းသာ ရှိသည်။

—၀—

## ဂမုန်းတို့၏ အဆင်းသဏ္ဍာန် အာနုဘော်ကား

ဂမုန်းနီ၊ ဂမုန်းနက်၊ ဂမုန်းဖြူ

ဤသုံးပါးကား နနွင်းခေါင်း၊ နနွင်းဥ ကဲ့သို့ ရှိသည်။ အဥ၊ အမြစ် တစ်ချက်တည်းတူသည်။ အပင်အရွက် အဆင်း မှာ ဆိတ်ဖူးပင်၊ ဆိတ်ဖူးရွက်နှင့် တူသည်။

ဂမုန်းနီသည်။ ။ အရွက် အရိုး သုံးပါးလုံး ဟင်္သာပြဒါးကဲ့သို့ နီသည်။ အပွင့်လည်းနီသည်။ လညာဆာပွင့်လျှင် လေအောက် တစ်ဥသာ ခရီးအကွာအဝေးကပင် မွှေးသည်။ ဂမုန်းနီ တစ်ရွေးသား ခန့်လောက် ဆန့်ဖြူ တစ်ပြည်ချက် ထမင်းနှပ်ရာ အပေါ်က တင်အုပ်၍ထား၊ အားလုံး နီ၏။ ထုံးလိုဖြူသော အစိမ်းဖွတ်၊ ဟင်္သာ၊ ဘဲလူးတို့ကို နိုင်နင်း၏။ ဂပ် ထု၍ဆောင် ရှိန်းဆာယာမြောက်၏။

ဂမုန်းနက်သည်။ ။ ပဉ္စ ဝါးပါး ကျောက်မီးသွေးကဲ့သို့ နက်သည်။ လေညာက ဂမုန်းနက်ရှိလျှင် လေအောက်က မွှေးကြိုင်သည်။ ကိုယ်တွင်လိမ်းသော် ရှိန်းဆာယာပြီး၏။ ကျား၊ မ်ကျောင်း၊ ခြသေ့၊ ကြည်းနေ၊ ရေနေ တို့သည် မချဉ်း ကပ်စံ့ချေ၊ မနှိပ်စက်အလွန်ချစ်ခင်ကြ၏။

ဂမုန်းဖြူသည်။ ။ ဥ, အမြစ် ဖြူ၏ တစ်နှစ် တစ်ခါ တခြားနေရာသို့ ရွှေ့ပြောင်း၍ ပေါက်တတ်၏။ ဂမုန်းလည်း ဟူ၍လည်း ခေါ်ကြကုန်၏။ နေရာမမြဲ ရွှေ့မြဲမဟုတ် ဖြစ်၏။

ဂမုန်းခတ္တာနီသည်။ ။ အရွက်လက်ဝါးခန့် မြေ၌ပြတ်ပြတ်ပေါက်သည်။ အရွက်ဇာနဖ၊ ရေးရေးနီသည်၊ အပွင့် မှာ ခေါင်ရန်းပွင့်ကဲ့သို့ နီသည်။ မြေမြင့်ပြဖသာဒ်ရောက်တတ်၏။ ခေါင်းကြက်ဥခန့် မာဏာရှိသည်။ အမှုန့်ပြု ဘင်သေတွင်ဖြူး၍ ထိုး ရှင်မွှေးစေ့ဖြစ်၏။

ဂမုန်းခတ္တာကြောင်။ ။ အဆင်းမှာ ခတ္တာနီ ကဲ့သို့၊ အရွက်ကား ပြောက်ပြောက်ရှိ၏။ ပင်ရင်း၌ နီသည်။ ရင်းကို စီရင်၍ အသုံးပြုသော ဆာယသိဒ္ဓိပြီး၏။

ဂမုန်းလိပ်မထွားသည်။ ။ဆိတ်ဖူးရွက် သဏ္ဍာန်ကဲ့သို့ တူသည်။ ကွကွလည်း ရှိ၏။ အရွက်ရော်၍ ကျလျှင် အညွန့် ၊ အပင်ပါ ရော်၍ကျသည်။ အမြစ်ပေါ် သည်။ ဂူထဲသို့လည်း ကောင်း၏။ ထမင်းဟင်းလျာတွင် အမှုန့်ပြု၍ကျွေးလေ၊ စား မိလျှင် ကျွန်မပြေးနိုင်ပြီ။

ဂမုန်းရန်လွတ်သည်ကား။ ။အပင်မကို အဖင်ငယ်များ ရုံ၍ပေါက်သည်။ အရွက်မှာ ခဇ္ဇာရွက်ကဲ့သို့ ငယ်သည်။ သိ လိုသော် သစ်သားကို ၅န်းခြံပတ်လည် စိုက်၍ထား၊ နှစ်လည် လျှင် အပြင်ထွက်၍ အခြားသို့ သွား၍ ပေါက်၏။ အကျိုး ကား တွင်းလျှောင်ကပ်ပိ လွတ်၏။ ဗိုလ်ပါတစ်ထောင် စိုင်း သော်လည်း ထွက်နိုင်၏။

ဂမုန်းကတိုးသည်ကား။ ။ညောင်ပိန္နဲရွက်ကဲ့သို့ အညွန့် လုံးလုံး၊ လက်ညှိုးကဲ့သို့ ထောင်လျက်ရှိသည်။ မြေနှင့် တစ်ထွာ တစ်မိုက်ခန့် ပေါက်တတ်သည်။ အဖြူ–အနီ နှစ်မျိုးရှိသည်။ အသုံးပြုရန်ကား ဂူထဲသို့တွင်ဆောင် အောင်မြင်တတ်၏။

ဂမုန်းခါးတင်သည်ကား။ ။အရွက်ကား ဝါရွက်ခန့် ရှိသည်။ အနား လက် တစ်လုံးခန့် ဟင်္သပြဒါးကဲ့သို့ တွဘိ တွတ်နီသည်။ အပင်အမြစ် ဥထွိသည်လည်း၊ နီသည်။ သိလို

သော် ခွဲးန္ဒုတိသီးကို ဥနှင့်တို၊ ဟင် ဟင် ဟင်မည်၏။ အပင် အဥရှိရာသို့ ခွေးလာ၍ အိပ်၏၊ ဂမုန်းနီလမ်း ကဲ့သို့ စီရင်လေ။

ဂမုန်းရန်လွတ်ဆား။ ။နန္ဒင်းရွက် ကဲ့သို့ အရွက်ရင်း ၂-ခွရှိသည်။ အထဲဘက်မှ အရွက်ကြောဖြူ၏၊ အရွက်မှာ တစ်ညိုခန့် ရှိသည်။ အပင်အစေ့က် တစ်တောင်ခန့် မြင့်၏၊ အပင်ငယ်များ ဝိုင်းရံလျက် ရှိသည်၊ (ထောင်သွေးစင်၊ ဗိုလ်ပါ ဝိုင်းရံမိသော်လည်း ရန်သူ့ လက်တွင်းမှ လွတ်မြောက်၏၊ ရှိန်းဆာယာဇာတ္ထိသျှို ပြီး၏။)

မုန်းပြာသာဒ်ဆား။ ။ဆိတ်ဖူးရွက် ကဲ့သို့ အကြော ညိုတွင် အဖြူပြောက်ပြောက် ရှိ၏။

ဂမုန်းရစ်ကား။ ။နန္ဒင်းပင် သဏ္ဍာန်ရှိ အရွက် ပြာမြာ စိမ်းစိမ်း ညှင်းသေးပြောက်ရှိ၏။

ဂမုန်းလသာကား။ ။ အရွက်ပြာပြာ အပင်ရင်းတွင် ကျန်ကျန်နီ၏၊ ခေါင်းကား ကြက်သွန်ဖြူကဲ့သို့ ရှိ၏။

ဂမုန်းလဝန်းကား။ ။အရွက်မှာ ခတ္တာရွက်ကဲ့သို့ ရှိ၏။ အပင်ရင်း နီကျန်ကျန်ရှိ၏၊ ခေါင်း၊ ကြက်သွန်ကဲ့သို့ ရှိ၏၊ အိမ်လှေကားရင်းတွင် စိုက်လျှင် ဃာဘ်သပ္ပကာ တိုး၏။

ဂမုန်းမကား။ ။ဇလတ္တ ဆံကြာနှ်၊ အရွက် တစ်ချပ်ထည်းရှိ၏၊ ကျောက်နှင့် သစ်ပင်များပေါ်တွင် ပေါက်တတ်သည်။

(ဤဂမုန်းများအား ရှုတ္တိသျှိပြီး၏။)

....၀....

ဂမုန်းကြက်တောင်အား။ ။ကြက်တောင်ကဲ့သို့ အရင်းစိစိ အဖျားဖွာဖွာရှိ၏၊ အရွက် အဖျားချွန်ချွန် ရှိ၏။

ဂမုန်းကြက်ညွှတ်ကား။ ။ အညွှန့်အနွယ်ကား ဝက်ကျွတ်ရွက်နွယ်ကဲ့သို့၊ အရွက်ကား သစ်လက်ရွှေရွက်ကဲ့သို့ ရှိ၏။ သုတခဲ၏။

ဂမုန်းကြက်တောင်စည်းကား။ ။အရွက်ခပ်သွယ်သွယ် ကြက်တောင်ကို စည်းထားသကဲ့သို့ အဖျား ဖားဖား ရှိသည်။

ဂမုန်းလက်ဆက်ကား။ ။ဝက်ကျွတ်ရွက်ကဲ့သို့ ဆံကြာနှ်တူသည်၊ အမြစ် အစုအစု (၄)ရုံ ရှိတတ်သည်။ (ဂမုန်းလက်ရှည်လည်း ခေါ်သည်။)

ဂမုန်းပြောက်ကြီးကား။ ။နနွင်း၊ပင်ကဲ့သို့ အရွက် ညိုရာတွင် အဖြူညွှင်းပြောက် ရှိသည်။

ဂမုန်းညှင်းပြောက်ငယ်ကား။ ။ ဆိတ်ဖူးရွက်ကဲ့သို့ မြေတွင် ပြတ်ပြတ်ပေါက်သည်၊ အရွက်၌ ညှင်းပြောက်များ ရှိသည်။

ဂမုန်းရန်မီးကား။ ။ခတ္တာရွက်ကဲ့သို့ စေးသည်၊အပင် ငယ်များလည်း ဝိုင်းရံ၍ ပေါက်သည်။

ဂမုန်းလက်ညှိုးကား။ ။လက်ညှိုးသဏ္ဍာန်ကဲ့သို့ ကျောက် များ ပေါ်တွင် ပေါက်သည်။

(ဤဂမုန်းများကား တန်ပြန်ပြီး၏။)

—ဝ—

ဂမုန်းသဃ်စင်ကြီးဆား။ ။ဇလတ္တာဖူး ကဲ့သို့ အမြစ် လုံးလုံးရှိသည်။

ဂမုန်းကျိုးခြေကား။ ။အရွက်ဆား နီ၏၊အပင် တစ်မိုက် တစ်ထွာခန့် သေးသေး ပေါက်သည်။ (ဂမုန်းခြေထောက် လည်း ခေါ်သည်။)

ဂမုန်းကိုယ်ရံကြီးကား။ ။ခတ္တာပင်နှင့် တူသည်၊အရွက် ဆား ဆတ်သွားရွက်ကဲ့သို့ ကြီးသည်။(၎င်းဂမုန်းများကား သုတခဲ၏ တန်ပြန်လည်း ပြီး၏။)

ဂမုန်းလိပ်မဲ့ကား။ ။ဇရစ်မဟော်ရာရွက်ကဲ့သို့ အပင် သေးသေး မြေနှင့်အရွက် ထိခါ၊ အရွက်တစ်ချပ်တည်းရှိ၏၊ အရိုးကို ဆိတ်ကြည့်သော် နို့ရည်ကဲ့သို့ ထွက်သည်၊ ပြဒါးခဲ စေသည်။

ဂမုန်းရှင်သွယ်ကား။ ။ငှက်ပျောရွက် ကဲ့သို့ အဖျား ခန့်ဝန်းရှိသည်၊ အရွက်နီသည်၊ ငှက်ပျောခေါင်း ကဲ့သို့ ရှိသည်၊ ဒန့်ကိုဖြူး၍ ထိုး၊ ဒန့်သော၏။ အိမ်ခေါင်းရင်းတွင် သန့်ပြန့်စွာ စိုက်၊ ဆောဘ်သပ္ပာ တိုး၏။

ဂမုန်းရွှေသွယ်ကား။ ။အမ်လုံး ခန့် သဏ္ဍာန် ရှိ၏။ အရွက်မရှိ၊ အထွေး ထွေးနေသည်၊ ကြောင်ပန်းပင်၊ ရှားစောင်းပင်များတွင်သာ ပေါက်တတ်သည်။

ဂမုန်းလူဆောလခန္တီကား။ ။နနွင်းရွက် ကဲ့သို့ ခေါင်းတွင် လှုံ့ထိုးချက် အမှာရှိသည်။ အဖြူ-အနီ-အနက် သုံးပါး ရှိသည်။

ဂမုန်းဆောလခန္တီကား။ ။နနွင်းရွက်ကဲ့သို့ အရိုးအရွက် အကြောစုံမြန်း၏၊ ခေါင်းအထက်၌ သရက်ဆောင်းထွက်၏။

ဂမုန်းဆင်ဆောလခန္တီကား။ ။ဆေးတစ်လုံးပင် ကဲ့သို့ အရိုးနီ၏၊ အရွက်ကြောစိမ်း၏။

(ဤဂမုန်းများကား သဗ္ဗလောဇက္ကတ္ထိသျှိုပြီး၏။)

—၀—

## ဂမုန်းမျိုးအပါအဝင်

# မင်းမျိုး ၈ ပါးကား

၁။ နေမင်း၊ ဂမုန်းကား ခေါင်း၏အထဲ မည်းမည်းရှိ၏၊ ကျေးနှုတ်သီးသဏ္ဍာန် ရှိ၏။ (ဖုတ်တစ္ဆေ ဖမ်းဆော် သွေး၍ သေစက် ပျောက်၏။)

၂။ လမင်း၊ ဂမုန်းကား ခေါင်းရွှံနီ ၏၊ ထုံးနှင်း ကဲ့သို့ ရှိ၏၊ (သူငယ်နာ ကျဗဟုန်းဖမ်းသော် မီးတွင် ချက်၍ လိမ်း၊ ပျောက်၏။)

၃။ မိုးမင်းဂမုန်းကား ဆေးဒန်းကဲ့သို့ ရှိသည်။ (ဆေးစင် ဖော် ရန်ဆောင်း၏။)

၄။ တိုင်မင်းကား မြကဲ့သို့ ရှိ၏၊ ခေါင်းကဲကား ဖြူ၏။ (ဖုတ်ထစ္ဆေ ကျတ်ဖမ်းသော် ပျောက်၏။)

၅။ နှင်းမင်းကား အရွက်အကြော နီ၏၊ ခေါင်းဖြူ၏၊ (ဖုတ်စား စွဲ-ကျက် ဖမ်းသော် ပျောက်၏။)

၆။ ဆက်ငယ်မင်းကား ခေါင်းဖြူ၏။ (အသာမုက္ခ ဖမ်းသော် သွေး၍လိမ်း ပျောက်၏။)

၇။ ဗိသာနိုးမင်းကား ခေါင်းဖြူ၏၊ (ဆေးစင်သော် အာနိ တော်ကြီး၏။)

## ဂ။ ပရမေသီရိမင်းဆရာ နဘ်ဖမ်းသော် လွှတ်ကာင်း၏။

အချို့ကား အလွန်စွမ်းသည်၊ အချို့ကား သင့်တင့်စွမ်းသည်၊ အချို့ကား မိမိဘာသာ မစွမ်း အမျှမ်းနှင့် ပေါင်းဖက်မှ စွမ်းသည်။ တန်ရာဘန်ရာ ရာဇသဗ္ဗညုဘ္ဘိသျှို့၌ လည်းကောင်း၊ အာဃသိဒ္ဓိ၌ လည်းကောင်း၊ ဓနသိဒ္ဓိ၌ လည်းကောင်း၊ အာယုဝဍ္ဎန၌ လည်းကောင်း၊ အခြားသောနည်းများဖြင့် လည်းကောင်း အစွမ်းသတ္တိ ရှိကြကုန်သေသည်။

မှတ်ချက်။ ။ သိုက်ပင်ဇမုန်းများကို—

ပုဇ္ဇါးတောင်ကလပ်

ကျိုက်စပါးခေါ် ဒေးစွန့်ပါ အနောက်ဘက်မှ၊ (ဂမုန်းတောင်)။

တောင်တွင်းကြီးမြို့ မြောက်ဘက် ကရင် နယ်စပ်ရှိ (ကျောက်ဂမုန်းတောင်)။

တောင်တွင်းကြီး၊မြို့မြောက်ဘက် ကျောက်မိုးကြီး၊ဟုရှိ၏၊ ကျောက်မိုးကြီး အရှေ့ တစ်ခေါ်ခန့် တောင်ခါးပန်းချောက်ကမ်းပါ၊များ တို့တွင် အများ၊အပြား ပေါက်လေ့ရှိပေသည်။

—၀—

အရှင်ဘုရား—

ဝိဇ္ဇာဓိုရ်အပေါင်းတို့နှင့် တကွ ထွက်ရပ် လမ်းသို့ ကြွမြန်းကြကုန်သော ပုဂ္ဂိုလ်များကား မည်သည့် ဟောတောင်ကို အမှီပြု၍ နေထိုင်ကြပါကုန်သနည်း ဘုရား။

'ဒကာ ဝိဇ္ဇာဓိုရ်နှင့် ထွက်ရပ်ပုဂ္ဂိုလ်၊ သူတော် သူမြတ်များ သီတင်းသုံး နေထိုင်ကြသောတောတောင်များအား—

ပုပ္ပါးတောင်ကသပ်။ ။ထိုတောင်အား ထွက်ရပ်လမ်းသို့ ကြွမြန်းလိုကြသော ပုဂ္ဂိုလ်များ၊ ဆေးဝါးမန္တရားစီရင်ခြင်း၊ ဆေးစားခြင်း၊ ဆေးစုံခြင်း၊ ဆေးတက်ခြင်းတို့ကို ပြုသော တောင်ဖြစ်ပေသည်။

ဂန္ဓာလတောင်။ ။ထိုတောင်ကား မရိုးစည်ကိုထောင်ထားသကဲ့သို့ အလယ်စင်းသည်။ လူသာမန်တို့ မရောက်ရှိနိုင်ပေ။ ဝိဇ္ဇာဓိုရ်များသာ ရောက်နိုင်သော တောင်ဖြစ်ပေသည်။

ဝိဇ္ဇာဂူဟာတောင်။ ။ထို တောင် အား ဝိဇ္ဇာဓိုရ်ယောကျ်ားများ အစဉ်အမြဲ နေထိုင်ပျော်မွေ့ရာတောင် ဖြစ်ပေသည်။

အာဠဝတောင်။ ။ပုန်း၊ သစ်သီးချိုးစုံ၊ ဂမုန်း၊ ဘွဲ့ပေါက်ရောက်သည်။ တောင်ကလပ်အပြင်၌ မြကျောက်၊ ဖန်ကျောက်တို့ဖြင့် ပြီးသော လိုဏ်ဂူနှစ်ခု တည်ရှိနေသည်။

မြဲကျောက်ဖြင့်ပြီးသော လိုဏ်ဂူမှာ အလျား၊ အနံ၊ အကျယ် သုံး ဂါဝုတ်ရှိသည်။ အပေါက်ပေါင်း နှစ်ဆယ့် လေးပေါက်ရှိ သည်။

ဖန်ကျောက်ဖြင့်ပြီးသော လိုဏ်ဂူမှာကား အလျား၊ အနံ၊ အကျယ် တစ်ယူဇနာရှိသည်။ လိုဏ်ဂူအပေါက်ပေါင်း နှစ်ဆယ့် လေးပေါက် ရှိသည်။

ထိုမြဲကျောက်လိုဏ်ဂူ၊ ဖန်ကျောက် လိုဏ်ဂူတို့မှာ သိဒ္ဓိစ္ဆာ အပေါင်းတို့ နေထိုင်ရာ ဖြစ်ပေသည်။

ထိုလိုဏ်ဂူနှစ်ခုကို 'လောကာဖလိဏဂူ' အမည် တွင်လေ သည်။

သုဒဿနတောင်။ ။ထိုတောင်ကား ရွှေအတိ ပြီး၏။ အရပ်အစောက် ယူဇနာ တစ်ရာ့ ငါးဆယ်ရှိ၏။ တောင်ထိပ် တွင် လျှပ်စစ်လျှပ်နွယ် အဆင်းကဲ့သို့ တောက်ပသော ရွှေ လိုဏ်ဂုနှစ်ခုရှိသည်။ ဂူအတွင်း အလျား၊ အနံ၊ အကျယ် တစ် ယူဇနာခွဲရှိသည်။ နတ်သား၊ နတ်သမီးတို့လည်း ပွဲသဘင် ပြု ရာဖြစ်၏။ လိုဏ်ဂူအပေါက်ပေါင်း နှစ်ဆယ်ရှိသည်။

ဤလိုဏ်ဂူတို့ အဆန်းတကြယ်သော ကျောက်အသံတို့နှင့် သစ်ပွင့်၊ သစ်သီး၊ အညွှာ၊ အရွက်တို့အား လေချို၊ လေ ... ညသာအခါ စောင်းညှ ... တ်သံ တူရိယာ အသံတို့ ကဲ့သို့ ... ကျက်ပေါ် လေကြကုန်၏။

နရကဒဏီ သူယောင်မယ် အပေါင်းတို့သည် ကွေးညွှတ် ပျောင်းနွဲ့၊ ရှုမငြီးဖွယ်ရာ ကသောဧဟန်ဖြင့် အဆန်းတကြယ် အံ့ဩဖွယ်ရာ ဖြစ်ကုန်ပေ၏။

ထိုလိုဏ်ဂူနှစ်ခုမှာ ယန္တရမန္တ ဝိဇ္ဇာတို့ နေထိုင် ကြပေကုန်သည်။

စိတြဲတောင်။ ။ထိုတောင်ကား မျက်ရှင်ကျောက်များ ဖြင့် ပြီးသော လိုဏ်ဂူ နှစ်ခုရှိ၏။ ၎င်းလိုဏ်ဂူ နှစ်ခုသည်၊ အလျား၊ အနံ၊ အကျယ် သုံးဂါဝုတ်စီရှိ၏။ လိုဏ်ဂူ အပေါက်မှာ နှစ်ဆယ့်လေးပေါက်ရှိသည်။ စိန်စီသန့်လျက်ကိုင်ဆောင် သော ဝိဇ္ဇာဓိုရ်အပေါင်းတို့ နေထိုင်ရာဖြစ်ပေသည်။ ဗိဇ္ဇာဓ ယက္ခဂူ အမည်တွင်လေသည်။

## သူယောင်ပျော်ရာတောင်သေလာ

### တကျာဝစုနတောင်

ထိုတောင်ကား ဆင်းပြန့် မွှေးကြိုင်သော ရနံ့များဖြင့် ဖုံးအုပ်လူးကျက် သူးယင်ပင်သူးယောင်တောမျှားဖြင့် ပြီးတော၏၊ ဆလှုဆညာ နတ်မိမယ်၊ သူယောင်မယ်ကလေး တို့မှာ ငါးဆယ့်လေးနှစ် အရွယ်ခန့် ရှိ၏၊ သာယာစွာ နာပျော်ဖွယ် တေးထပ်ချင်းများကို တစာစာ ဟစ်ကြွေးသီဆို၍ နေကြကုန်၏၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့ သွားရောက်သောအခါ ဘာဗင်

လျှိုက်ဆူ အူသည်၊ပြွတ်မျှ ကိလေသာ တကျာဝင်စား၍သမဓမိ ထရာ၊ လွတ်ကင်းသော တောင်ဖြစ်ပေသည်။

အဂ္ဂိဝဋ္ဋောတောင်

ထိုတောင်၌ သေနတ်မီးပေါက်များထဲတွင် အိပ်နိုင်သော ကာယသိဒ္ဓိ ပြီးမြောက်စေနိုင်သည့် ဆေးဂမုန်းပင် များ ရှိပေသည်။

သောဓကတောင်

ထိုတောင်၌ ရေထဲ ရေပေါ် သွားလာ နိုင်သော ဆေးဂမုန်းပင်များ၊ ပေါက်ရာတောင် ဖြစ်ပေသည်။

ဂုမ္ဗာရက္ခတောင်

ထိုတောင်၌ ဒိဗ္ဗစက္ခု ဂမုန်းပင်များ ပေါက်ရာ တောင် ဖြစ်ပေသည်။

ဒူရအဒူရဂဏှတောင်

အနီး၊ အဝေး များ တွင် ရှိသော ရွှေ, ငွေ, ရတနာ အပေါင်းတို့ကို ယူနိုင်စွမ်းသော ဆေးဂမုန်း ပင်များ ရှိပေ သည်။

ဝိသတကတောင်

ထိုတောင်၌ ယူဇနာတစ်ရာကို တစ်မုဟုတ်ခြင်း ရောက်ရှိနိုင်သော ဆေးဂမုန်းပင်များရှိပေသည်။

မဟာဗလတောင်

ခွန်အားကြီးမားစေနိုင်သော ဆေးဂမုန်းပင်များပေါက်ရာ တောင်ဖြစ်ပေသည်။

အာကစ်တောင်

လူသတ္တဝါအပေါင်းတို့ အလိုရှိရာကို တမ်းတလိုက်သော်ခဏချင်း ရစေနိုင်သော ဆေးဂမုန်းပင်များ ရှိသောတောင်ဖြစ်ပေသည်။

ဒေဝဒဟတောင်

ယောကျ်ား၊ မိန်းမတို့ အသက်အရွယ် နုပျိုစေနိုင်သော ဆေးဂမုန်းပင်များသာ ပေါက်သောတောင် ဖြစ်ပေသည်။

သာရကလျာဏီတောင်

ဘာယသိဒ္ဓိအမျိုးမျိုးကို ပြီးမြောက်၍ ရန်သူ မမြင်စေနိုင်သော ဆေးဂမုန်းပင်များ ရှိသော တောင်ဖြစ်ပေသည်။

အာယုဒီဃတောင်

ထိုတောင်၌ သရက်ပင်တို့ကဲ့သို့ ဆေးဂမုန်းပင်များရှိ၏။ ထိုဆေးဂမုန်းပင်များ သုံးဆောင်သော် အသက်တမ်း အဆအရာအထောင် မထ နေနိုင်သော ဆေးစွမ်းကောင်း ဂမုန်းများရှိရာ ဖြစ်ပေသည်။

ကေလာသတောင်

ပန်း၊ သစ်သီးမျိုးစုံများ ပေါက်ရောက်လျက် တောင်ထိပ်အပြင်၌ ငွေသားဖြင့်ပြီးသော လိုဏ်ဂူရှိပေသည်။

ထိုလိုဏ်ဂူ၏ အလျား၊ အနံ၊ အကျယ် သုံးယူဇနာ ရှိ၏။ ထိုလိုဏ်ဂူ အတွင်းမှာ ပုလဲရောင် အလျှံကဲ့သို့ ဖြူစင်သော

အရောင်များ ဖောက်ပကုန်၏၊ ရသေ့၊ သူတော်၊ ဒွ မြတ်ထွက်ရပ်ပုဂ္ဂိုလ်များ နေထိုင် ကြကုန်၏။ ထိုလိုဏ်ဂူကို (ဣသိဂူဟ) အမည်တွင်လေသည်။

ဆရာတော်—ရွှေဖြစ်၊ ငွေဖြစ်ပညာသည် အဟုတ်အမှန် ဖြစ်နိုင်ပါသလော ဘုရား။

ဒကာ—

လောကီဝိဇ္ဇာလမ်းသည် မနသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ အာတာဿသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ စိန္တာမဏာသိဒ္ဓိစသော သိဒ္ဓိအပေါင်းတို့ကို အစိုးရသော တန်ခိုးသတ္တိရှိကြသောကြောင့် ဝိဇ္ဇာဓိုရ်၏ လမ်းကို အားထုတ် ကြိုးပမ်းသော သူများအား အချို့နတ်များ မနာလို ဆေးပင်၊ ဆေးမြစ်၊ ဂမုန်းပင်၊ ဂမုန်းဥတို့၏အန္တရာယ်၊ ပညာအန္တရာယ်များကိုပင် နှောက်ရှက် ဖျက်ဆီးတတ်ကြလေသည်။ လောကီဝိဇ္ဇာဓိုရ်ပညာများကို လိုက်စားလေ့လာ ဝါသနာပါသူများ မှာ ရတနာသုံးပါး၊ ဆရာသမား၊ မိဘတို့၏ ဂုဏ်ကျေးဇူးတော်ကို မေတ္တာတရားပွားများ၍ တန်ခိုးကြီးသော သာသနာတော်စောင့် နတ်ကြီးများ၊ အင်းစောင့်နတ်၊ ဆေးစောင့်နတ်၊ ဂမုန်းစောင့်နတ် စသောနတ်များနှင့် ထွက်ရပ်ပေါက်ဆရာတော်ကြီးများကို အစဉ်အမြဲ မေတ္တာသက်ဝင် လေးစားရမည်။ သို့မှသာလျှင် မျှော်လင့်အားကိုးသော အတိုင်း အောင်မြင်နိုင်ပေသည်။

စနသိဒ္ဓိလိုက်သူမျာ းမှာ
ဉာဏ်ဝီရိယ ရှေ့ထား ဆောင်ရွက်ရပေမည်။
ကာယသိဒ္ဓိလိုက်သူများမှာ
ရဲရင့်တည်ကြည်စိတ် မရှေ့ထား ဆောင်ရွက်ရပေမည်။
ပီယသိဒ္ဓိလိုက်စားသူများမှာ
မေတ္တာတရား ရှေ့ထား ဆောင်ရွက်ရပေမည်။
အာယုသိဒ္ဓိလိုက်သူများမှာ
သီလစောင့်၍ မေတ္တာတရာ၊ ပွားများ အားထုတ် ရပေမည်။

ဤအကြောင်းတရားမျာ းသည် အောင်မြင်ခြင်း၊ များ၏ အကြောင်းကို ပြဆိုခြင်းဖြစ်ပေသည်။

## အစီရင်ဟူသမျှ အထမမြောက် မအောင်မြင်ခြင်း အကြောင်း

၁။ စီရင်သူ၏ ဉာဏ် ဝီရိယ ညံ့ဖျင်း၍ မအောင်မြင်ခြင်း၊
၂။ စီရင်သူ၏ အကုသိုလ်ကံကြောင့် မအောင်မြင်ခြင်း။
၃။ နတ်တို့ နှောင့်ယှက ဖျက်ဆီးသဖြင့် မအောင်မြင်ခြင်း။
၄။ နည်းမှန် လမ်းကျ မဟုတ်၍ မအောင်မြင်ခြင်း၊ ဟူ၍ လေးပါးရှိသည်။

(၁) အချက်မှာ....
မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ဘာဖန်ဖန် စီစစ်ရခြင်း။
ပညာရှိတို့နှင့် နှီးနှော တိုင်ပင်ခြင်း။

စာပေ ကျမ်းဂန် ယဘောကို စစ်ကြော သုတ်သင်၍ ထက်မြက်သော ဝီရိယဖြင့် သမာဓိ စသော တရားတို့ကို ပွားပေါင်း၍ အောင်မြင်စေရမည်။

(၂) အချက်မှာ —

အကုသိုလ်ကံကို ဒါန သီလ ဘာဝနာ စသော ကုသိုလ်ပြုခြင်း၊

ရတနာ သုံးပါး အနန္တော အနန္တ ငါးပါးတို့အား ရှိခိုးပူဇော်ခြင်း စသော အစီအရင်ဖြင့် အောင်မြင်စေရမည်၊

(၃) အချက်မှာ....

နတ်တို့ကို မေတ္တာပြုခြင်း၊ ပူဇော်ပသခြင်း၊ စသည်ဖြင့် အောင်မြင်စေရမည်။

(၄) အချက်မှာ —

ဆရာကောင်းတို့၏ နည်းမှန်နီ လမ်းမှန်ကိုသာ လေ့လာ ဆည်းပူး၍ လုပ်ဆောင်စေရမည်။

များစွာ ကုန်သော လေ့လာ လိုက်စားသည့် ပုဂ္ဂိုလ်အပေါင်းတို့သည် ပြုမူစီမံပုံ နေရာမကျ၍သာ လိုသလောက် မပြီးစီးကြပေ။

အချို့ကား....

လောကီ ပညာ မှန်သမျှ နည်းကိုသာ မရ-ရအောင် စုဆောင်း ရှာဖွေကြသည်။ 'နည်းစာခက်၊ လုပ်ပုံခက်သည်'။

ထို့ကြောင့် အင်္ဂါ ပယောဂနှင့် လုပ်ပုံ လုပ်နည်း၊ လုပ်ထုံးများကို ဂရုပြု လုပ်ဆောင်ရပေမည်။

"အရှင်ဘုရား....

လောကီ ပညာရပ်များကို အမြောက် အောင်မြင် ပေါက်ရောက်သွားကြသည့် ပုဂ္ဂိုလ်ကြီးများသည် ဘယ်အတွက် ခက်ခဲ လျှို့ဝှက်စွာ ရေးသားထားခဲ့ပါသနည်း ဘုရား"

"ဒကာ...

ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီး များသည် ကံ ဉာဏ် ဝီရိယ သစ္စာတရားမဲ့သောသူများ တတ်မြောက်ခဲ့လျှင် လောကကြီး ပျက်စီး ဆိုတ်သုဉ်းဖွယ်ရာ အကြောင်း ကြွံတင် သိမြင်တော်မူ၍ လျှို့ဝှက် ရေးသားတော်မူခဲ့ကြလေသည်။"

"အရှင်ဘုရား...

လောကဥ္စ အင်း စမ ဂါထာမန္တန် တန်ခိုးများနှင့် တစ်ဦးကို တစ်ဦး ချစ်စေခြင်း, မုန်းစေခြင်း၊ လာစေခြင်း, သွားစေခြင်း စသည်တို့သည် အဟုတ်အမှန် ဖြစ်နိုင်ပါသလော....ဘုရား"

"ဒကာ...

တစ်ဦး၏ အစီအရင်ကို တစ်ဦးသို့ ရောက်ရှိ ကြသည်မှာ မြေကြော လေကြော ရေကြောတို့ ဆက်သွယ်ခြင်းအကြောင်းများကြောင့် တစ်ဦးထံမှ တစ်ဦးသို့ ဆက်သွယ် ရောက်ရှိခါ ထိခိုက်နိုင်ပေသည်၊ ခေတ်ဖိုနှင့် ခေတ်မ၊ အပူနှင့် အအေးဖြစ်

မြောက် ထိခိုက်နိုင်အောင် ကြံဆောင် အားသုံးနိုင်လျှင် အောင်မြင်နိုင်ပေသည်၊ မေတ္တာပို့ခြင်းသည်ပင် တစ်ဦး၏ မေတ္တာအဟုန်ကို တစ်ဦးသို့ မေတ္တာ တန်ခိုး စေလွှတ်သည်ဟု ဆိုရပေမည်၊ ထို့အတူ စမ္မ အင်း အိုင် ခါးလှည့် လက်ဖွဲ့ ဂါထာ မန္တန် အစီအရင် များသည်လည်း စေလွှတ်ခြင်း၊ ညှို့စေခြင်း၊ သွားစေခြင်း၊ လာစေခြင်း၊ ချစ်စေခြင်း၊ မုန်းစေခြင်းတို့ ဖြစ်စေတတ်သည်။''

''အရှင်ဘုရား....

လောကီပညာရပ်ကို မြတ်စွာဘုရား ဟောတော်မူသလော ဘုရား''

''ဒကာ....

လောကီပညာရပ်များ၏ တန်ခိုးကို ဗုဒ္ဓမြတ်စွာရှင်တော် ဘုရား ထင်ရှား ဟောကြားတော် မူခဲ့သည်။''

''ဓမ္မဒါဂ္ဂိကနိပါတ်တော်မှစ'' ပထဝီဇယ မန္တန်တော် ကို ရသော မြွေသည် လူမင်းအား စစ်ထိုးနိုင်သေသည်။

သီရိဇာတ်တော်တွင် အသာရှိသော ကြက်သားကို စား ရသဖြင့် မင်းဖြစ်လေသည်။

ကဏ်ဝေရ ဇာတ်တော်မှာ အလောင်းတော်သည် စောရ နက္ခတ်နှင့် ယှဉ်၍ ဖွားတော်မူသောကြောင့် သူခိုးကြီးဖြစ် လေသည်။

ပဒကုသလ ဇာတ်တော်တွင် သူခိုး၏ ခြေရာကို သိမြင်နိုင် သော မန္တန်ရှိကြောင်း။

သမုဂ္ဂ ဇာတ်တော်မှာလည်း လောကီ ဝိဇ္ဇာခိုရ်များ ရှိကြောင်း သိဒ္ဓိဆယ်ပါးတိုင် ပေါက်မြောက်နိုင်သော လောကီအစီအရင် ပညာများ ရှိကြောင်း ပါဠိတော် အဋ္ဌကထာ စသည့်တို့တွင် များစွာ ဟောကြားတော် မူခဲ့ကြောင်း။

အရှင်ဘုရား…

ယခုမျက်မှောက် ကျရောက်လတ္တံ့သော ဘေးအန္တရာယ်အပေါင်းမှ ဆင်းလွတ်၍ မိမိတို့ အလိုရှိအပ်သော လောကီကိစ္စတို့မှာ(ထွက်ရပ်ပေါက်ဆရာကြီးများ ချမှတ်ထားခဲ့သည့် လမ်းစဉ်အတိုင်း) အားထုတ် လေ့လာ ကိုးကွယ် သည်းခံပါက လောကီ အကျိုးထူးများ ခံစားရနိုင်ပါမည်လော…ဘုရား''

ဖကာ…

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး စည်ကားထွန်းပြောင်သော မြန်မာနိုင်ငံတော်ကြီး၌ သာသနာတော်ကြီးကို အမှီပြု၍ သာသနာ့ အကျိုးဆောင် လောကီဝိဇ္ဇာ၊ လောကုတ္တရာ ဝိဇ္ဇာခေတ်ကြီးသည် ထင်ရှားတည်ရှိနေသော်လည်း လမ်းမှန်ကျင့်စဉ် လုပ်ငန်းများကို နည်းလမ်းမကျကြသဖြင့် အကျိုးကျေးဇူး ခံစားခွင့် ရှိသလောက် မခံစားရတဲ့ ထက် တွေ့ အခက်အခဲနှင့် ကြုံတွေ့ နေကြရသည့်ပြင် စမ်းတဝါးဝါး အချိန်ကုန် လူ့ဘမ်း ဖြစ်နေကြ ရှာလေသည်၊ သို့ကြောင့် ကိုးကွယ်အားထုတ်ရန် နည်းလမ်းများကို စေ့စုံစွာ မှတ်သား၍ လေ့လာအားထုတ် ကြပေတော့။

…ဝ…

## သိဒ္ဓိပေါက်ကျင့်စဉ်

အထက်ဆရာကြီးများက ကိုးကွယ်ရန် နည်းလမ်းနှင့်တကွ သိဒ္ဓိပေါက် ကျင့်စဉ်များ ချမှတ်ပေးသောကြောင့် လေ့လာ အားထုတ်သော ပုဂ္ဂိုလ်များမှာ ပါရမီ အလျောက် ၉-ရက် ၄၉-ရက်နှင့်ပင် ထူးခြားစွာ အကျိုးခံစားခွင့် ရှိနိုင် ပါ ကြောင်း။

(ယခုဖော်ပြလတ္တံ့သော အစီအရင်များသည် ဆရာတော် ကြီး၏ အမိန့်အတိုင်း ရေးသား ဖော်ပြရမည်ဖြစ်၍ ယုံကြည် စွာ အားထုတ်တော်မူကြပါရန် တိုက်တွန်းအပ်ပါသည်။)

## ကိုးကွယ်အားထုတ်လိုသောပုဂ္ဂိုလ်များ လိုက်နာရန်

၁။ ဘုရား၊ တရား၊ သံဃာနှင့် တကွ မိဘ၊ ဆရာဟု ဆို အပ်သော အနန္တောအနန္တငါးပါးကို အထူးအမြတ် ကြည်ညို လေးစား အားထားရမည်။

၂။ မြတ်စွာဘုရား၏ ဂုဏ်တော် ကိုးပါးကို အဓိဋ္ဌာန်ပြု ပုတီးစိပ်၍ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို နေ့စဉ် ဝတ် မပျက် ပွားများအားထုတ်ရမည်။

၃။ မေတ္တာပို့ခြင်း၊ စေတ္တာကမ္မဋ္ဌာန်း များကို နေ့စဉ် ပွားများရမည်။

၄။ အရေးအကြီးဆုံးဖြစ်သော အဒိန္နာဒါနကံ၊ သုရာ မေရယကံ၊ ပရဒါရကံတို့ကို အထူးရှောင်ကြဉ်စောင့် ထိန်းရမည်။

# ပြုလုပ်ထားရှိရမည့်အစီအစဉ်

မြတ်စွာဘုရားရှေ့တော်တွင် အောင်သပြေ ညောင်ရေအိုးများကို....

ဘုရားအတွက် တစ်လုံး၊
တရားအတွက် တစ်လုံး၊
သံဃာအတွက် တစ်လုံး၊
အမိအဖအတွက် တစ်လုံး၊
ဆရာသမားများအတွက် တစ်လုံး၊
စမဝိဇ္ဇာဂိုဏ်း၏ ပထမံ ဘိုးဘိုးအောင်နှင့် သိဒ္ဓိရှင် ထွက်ရပ်ပေါက်ဆရာကြီးများအတွက် တစ်လုံး၊
ဓတရဋ္ဌနတ်မင်းကြီးအတွက်တစ်လုံး၊
ဝိရူဠှကနတ်မင်းကြီးအတွက် တစ်လုံး၊
ဝိရူပက္ခနတ်မင်းကြီးအတွက် တစ်လုံး၊
ကုဝေရနတ်မင်းကြီးအတွက် တစ်လုံး၊
ပေါင်း ညောင်ရေအိုး ၁၀-လုံး အစဉ်အဘိုင်း လှူဒါန်းပူဇော်ရမည်။

မှတ်ချက်။ မန္တန်ဂေါ်ရေစင်၊ အဓိဋ္ဌာန်ရေစင် များကိုသောက်လိုလျှင် ရေစင် ၁၀-ခွက် အလယ်၌ ရေစင်တစ်ခွက် မိမိအတွက် သီးသန့် ထားရမည်၊ ဤနည်းအတိုင်း ရေစင်၊ မီးစင်များ ပြုလုပ်နိုင်ပေသည်။

နေ့စဉ်

(၁) ထက်သတ်လွတ်၊ သစ်သီးဆွမ်းများကပ်ခြင်း၊

(၂) ဆီမီးပဖယောင်းတိုင်၊ အမွှေးတိုင်များကပ်ခြင်း၊

(၃) နေ့စဉ်မပြတ် မေတ္တာစပို့ဆာရခြင်း၊

(၄) အမိဌာန်ပုတီးစိပ်ရခြင်း၊

(၅) အိပ်ရာဝင်၊ အိပ်ရာထ မိမိအတွက် ရေစင်ကို သုံးဆောင်ခြင်း၊

(၆) ရေစင်အိုးတည်ထား၍ ရေစင်အိုးထဲတွင် ရေစင်စေခင့် ပိုက်ဆံ ကိုးပြား ထည့်ထားရမည်။

ပွဲပြင်လိုသည့် ပုဂ္ဂိုလ်များအတွက် ဘုရားပွဲအတွက် ငှက်ပျော ငါးဖီး၊ အုန်းသီးတစ်လုံး၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ ပန်းများ ပါစေရမည်။

ကျန်ပွဲများအတွက် ငှက်ပျော သုံးဖီး၊ အုန်းသီးတစ်လုံး၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ ပန်းများ ပါစေရမည်။ (ဆား မထည့်ရ)

## ရေစင်အိုး

ထွက်ရပ်ပေါက် ပထမဆရာကြီးများကို အာရုံပြုလျက် သိဒ္ဓိတောင်းခံသော ရေစင်အိုးဖြစ်သည်။

လောကီသားများအတွက် စီးပွားရေးနှင့် ကျန်းမာရေး စသော လောကီအဆောင် အရွက်များတွင် တန်ခိုးကြီးမြင့် ကြီးသော ဝိဇ္ဇာဆရာကြီး များ၏ သိဒ္ဓိဉာဏ်ကို ခံယူခြင်း အတွက် ဖြစ်ပါသည်။ (ပရိတ်တော် ရေစင်ကို ဆေးဝါး

အဖြစ်အသုံးချသော ဈေးထုံးအစဉ်အဆက်တို့ကို ထောက်ဆ၍ ဝိဇ္ဇာဆရာကြီးများ၏ ရှေ့ပဟော်တွင် ကည်ကားဆောရေစင်အိုးသည်လည်း၊ လောကီ အစီအရင်၊ ကျန်းမာရေး၊ စီးပွားရေးအဖို့ အကျိုး များစေရန် တန်ခိုး အာဏာစက်သိဒ္ဓိဉာဏ်များကို ဆောင်းခံယူခြင်း ဖြစ်ပေကြောင်း။

## ၂၊ ရေစင်စောင့် ပိုက်ဆံ

ရေစင်စောင့် ပိုက်ဆံ တည်ထားခြင်းမှာ လောကီဘုံသားများအတွက် ကြီးပွားရေး၊ စီးပွားရေးတွင် အကျိုးများကြွစေရန် ရေစင်စောင့် အထားခိုင်းခြင်း ဖြစ်ပေသည်။

ရေစင်မှာတည်ရှိသော သိဒ္ဓိအရပ်ရပ်များသည် ရေတွင်ထည့်ထားသော ရတနာ၌ (ရေစင်စောင့်ပိုက်ဆံကို ဆိုလိုသည်။) တည်မြဲနေလေဖြင့် ရတနာသိဒ္ဓိ အရည်ဝသော ဓာတ်လုံးများကဲ့သို့ တန်ခိုးအာနုဘော် ထွက်ပေါ်လေသည်။ ၎င်းရေစင်တွင် ထည့်ထားသော ရတနာကို 'လာဘသိဒ္ဓိ' ဟု ခေါ်ဆိုနိုင်ပေသည်။ ရေစင်စောင့် ပိုက်ဆံကို သုံးစွဲခြင်းမပြုလုပ်ရ။

ရေစင်စောင့် ရတနာသည် ငွေကြေးစုဆောင်း ပေးစေထက်သောကြောင့်

(က) စီးပွား မစုဆောင်းမိတတ်သော ပုဂ္ဂိုလ်များသည် စီးပွား စုဆောင်းတတ်ခြင်း၊

(ခ) ငွေကြေး မမြဲသော ပုဂ္ဂိုလ်များသည် ငွေကြေးမြဲ စွဲတတ်ခြင်း အကျိုး ဟာလုံးများကို မချို ခံစားရမည် ဖြစ်သောကြောင့် ရေစင်စောင့် ပိုက်ဆံကို

နဝင်းကြေ ၉-ပြား၊ ဆယ်ပြားစေ့ ၉-စေ့၊ ပြား ကိုးဆယ် ၉-ကျပ်၊ မိမိတို့ တတ်နိုင် သလောက် တစ်ခုခုကို ထည့်ထားနိုင်သည်။

## ရေစင်တောင်းခံရန်

၁။ ရေစင်တောင်းခံရာ၌ ရက်အပိုင်းအခြားနှင့် အမိဋ္ဌာန် စောင့်ထိန်း ရှိစေရမည်။

၂။ ရေစင်တောင်းခံယူသောအချိန်များတွင် သစ်ခေါက် ဝတ်စုံ ဖြစ်စေ၊ ပိတ်ဖြူဝတ်စုံ ဖြစ်စေ နှစ်သက်ရာကို စီမံ၍ ရေစင်ခံယူခြင်း ပြုရမည်။

၃။ ရေစင်ပွဲသို့ ကြွရောက်လာသော နတ်ဝိဇ္ဇာ၊ သိဒ္ဓိရှင် အထက်ဆရာကြီး အပေါင်းတို့အား အထူး ကျေးဇူး ရှိစေရန်အတွက် (မေမြစကြာ မဟာသမယ ပရိမိတ္တ ဇာလ) သုတ်တော် တစ်ခုခုကို နေ့စဉ် သရဇ္ဈာယ် ရမည်။

၄။ ကိုယ်စောင့်နတ်မှ စ၍ စတုလောကပါလ သာသနာ စောင့် နတ်ကြီးများ၊ ဒေဝဝိဇ္ဇာ၊ ဩသဓဝိဇ္ဇာ၊ မဟိဒ္ဓိ ဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ နတ်ဝိဇ္ဇာ၊ လူဝိဇ္ဇာ အပေါင်းတို့အား ရေ စင်တောင်းခံယူ၍ ပြီးတိုင်း မေတ္တာပို့သရမည်။

အထက်ပါ အချက် လေးချက်သည် အားထုတ်သော ပုဂ္ဂိုလ်များအဖို့ အရေးကြီးသော အချက်ကြီးများ ဖြစ်ပေ သည်။

## အစိဋ္ဌာန်ဝင်ရန်

(က) အစိဋ္ဌာန်ဝင်ရန်အတွက် ဆိတ်ငြိမ်သော နေရာ ဌာန တစ်ခုခုကို ရွေးချယ်ရမည်။

(ခ) သမထ ဝိပဿနာ လုံ့လောက်သော ပဋိပတ်ကို အားထုတ်ခြင်း ရှိစေရမည်။

(ဂ) အစိဋ္ဌာန်ဝင်သော ရက်မှာ အနည်းဆုံး ၉-ရက် ရှိစေရမည်။

(ဃ) မိမိ တွေ့လိုသော မဟိဒ္ဓိ အရှင်ကြီးများကို ရည်စူး၍ ရေစင်၊ မီးစင်၊ ပန်းစင်များကို အမြဲတည်ထားရမည်။

လောကီ ဝိဇ္ဇာသမ်းသို့ လိုက်လိုကြသော ပုဂ္ဂိုလ်အပေါင်းတို့သည်လည်း ယုံကြည်မှုကို ရှေ့ထား၍ အားထုတ်ရပေမည်။ ယုံကြည်မှုမရှိပါက မည်သို့မှ မဖြစ်မြောက်နိုင်၊ ယုံကြည်မှုမှာ ရတနာ သုံးပါး မိဘ ဆရာသမားတို့ပင် ဖြစ်ပေသည်။

အနန္တော အနန္တ ငါးပါးသည် အမွန်မြတ်ဆုံး ဖြစ်၍ ဧည့်သည့် ကိစ္စမဆို အဦးထား၍ လုပ်ကိုင် ဆောင်ရွက်ပါက မဖြစ်နိုင်သော အရာဌာနမျှ ဟူ၍ မရှိတော့ပြီ၊ လောကီ လောကုတ္တရာ အရှင်မြတ်တို့သည်သည်း ရတနာသုံးပါး မိဘ ဆရာသမား အမှူးထား၍ အားထုတ် လုပ်ကိုင် ကြသော ကြောင့် ပေါက်ရောက် အောင်မြင်ကြသည်ကို ယုံကြည်ရပေမည်။

စိတ်တန်ခိုး အမျိုးမျိုးတို့သည် လောကကြီး တစ်ခုလုံးကို ပြုပြင်နိုင်ကြောင်း၊ ထိုကဲ့သို့ စိတ်တန်ခိုးကို ယုံကြည်လေးစား

မှုသာ ဓာတ်၏ အကျိုးကို ခံစားရလေသည်။ ဝိဇ္ဇာဆရာကြီးများကလည်း ယုံကြည်မှုရှိသော ပုဂ္ဂိုလ်မှုသာလျှင် စောင်မကြလေသည်။

ပြဒါးလမ်း၊ သံလွှမ်း၊ အင်း စမ မန္တန် စသော လမ်းအသီးသီးသို့ ကိုယ်တိုင် သက်ဝင်၍ အားထုတ်ကြံဆောင်နေကြသော ပုဂ္ဂိုလ် အသီးသီးတို့သည်လည်း အထက်ပါ အင်္ဂါရပ်များနှင့် ပြည့်စုံ ညီညွတ်မှုသာလျှင် မိမိတို့ ရည်မှန်းထားသော လမ်းသည် ပြီးဆုံး ပေါက်ရောက်ခြင်းသို့ ရောက်နိုင်ပေမည်။

ထိုကဲ့သို့ လမ်းအသီးသီး မကြံစည်ဘဲ ပဋိပတ်တရားကိုသာ အားထုတ်၍ အထက်ပါ အင်္ဂါရပ် အတိုင်း ညီညွတ် ပြည့်စုံလေပါက မိမိတို့ ဘဝပါရမီချင်း နီးစပ်သော ဝိဇ္ဇာက ဖြစ်စေ၊ မိမိ ကိုယ်တိုင် ရည်ညွှန်းချက် ထားသော ဝိဇ္ဇာ ဆရာကြီးများက ဖြစ်စေ သိဒ္ဓိမြောက် ဓာတ် တန်ခိုး တစ်ခုခုကို မချီးမြှောက်ဘဲ ရှောင်တိမ်း၍ မနေနိုင်ကြပေ။ ဝိဇ္ဇာဆရာကြီးများတို့သည် ထိုပုဂ္ဂိုလ်တို့၏ အပေါ်၌ ညွတ်သောစိတ်အစဉ်ရှိသည့်ပြင် အားထုတ် လေ့လာ ဆည်းပူးသော ပုဂ္ဂိုလ်၏ သမာဓိတရားသည် အလွန်ပြုစင်သောကြောင့် သမာဓိ တန်ခိုးကို ဝိဇ္ဇာဆရာကြီးများ ရှောင်တိမ်း၍ မနေနိုင်၊ နှပင် စောင့်ရှောက်ကြရပေမည်။

(မဟာအတုလ ဝိဇ္ဇာဓိုရ်ထုံး၌ ပါဝင်နိုင်သော တပည့် ၄-မျိုးကို ပြဆိုထားလေသည်။)

## ၁။ ဥဂ္ဃဋိတညျုပုဂ္ဂိုလ်

ထိုတပည့်မှာ ပဒုမ္မာကြာငုံသည် နေအရှက် အလင်းခေတိနှင့် တွေ့ဆုံသောအခါ ကားကားစွင့် ပွင့်လင်းခြင်းသို့ ရောက်ရကဲ့သို့၊ ဆရာနှင့် တွေ့ဆုံ၍ ယာမန် ပြောကြားခါမျှဖြင့် အသိဉာဏ်တစ်ဟုန်တည်းပွင့်၍ ဆရာနှင့်အတူ ထွက်မြောက်လမ်းသို့ ကြွနိုင်သော တပည့်မျိုး ဖြစ်သည်။

## ၂။ ဝိပဉ္စိတညျုပုဂ္ဂိုလ်

၎င်းတပည့်မှာ ဆရာ၏ အနက် အကျယ် ခွဲခြားဝေဖန်၍ သိဒ္ဓိပေါက် လမ်းမကြီးကို ညွှန်ပြရုံနှင့် ဝိဇ္ဇာလမ်းသို့ ပေါက်ရောက်နိုင်သော တပည့်မျိုး ဖြစ်သည်။

## ၃။ နေယျပုဂ္ဂိုလ်

ထိုတပည့်မှာ ဆရာ၏ သိဒ္ဓိပေါက် ကျင့်စဉ်လမ်းများကို ပွားများစေရာ စည်းကမ်းအတိုင်း အားထုတ် လေ့လာသဖြင့် ပေါက်မြောက် အောင်မြင်နိုင်သော တပည့်မျိုးကို ဆိုပေသည်။

ယခု အချိန်အခါတွင် မြတ်စွာဘုရား၏ သာသနာတော် မြတ်ကြီးသည် နေ့လအသွင် ထွန်းတောက် နေသောကြောင့် ထက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ထင်ထင်ရှားရှား ရှိကြလေသည်။ ဝိဇ္ဇာလမ်းသည်၊ အလွယ်နှင့် မပေါက်ရောက်နိုင်သည်၊ ဝိဇ္ဇာလမ်းသည် နိဗ္ဗာန်မပေါက်သော်ကြောင်း တရားလမ်းမကြီးလောက် မခဲယဉ်းသည့်ဖြင့် သာသနာတော် အတွင်း၌ ဝိဇ္ဇာ သိဒ္ဓိပေါက် ကျင့်စဉ်ကိုမျှ မဆိုထားနှင့် နိဗ္ဗာန်ပေါက် ကြောင်းပင် ထင်ရှားစွာ ရှိလေသည်။

ထို့ကြောင့် ဝိဇ္ဇာသိဒ္ဓိပေါက် ကျင့်စဉ် လမ်းများကို လေ့လာ အားထုတ်ကြသော ပုဂ္ဂိုလ်များတို့မှာ ယုံမှား သံသယ မဖြစ်ကြဘဲ ယုံကြည်လေးစား အားထုတ်ကြစေလိုကြောင်း။

....၀....

## သိဒ္ဓိတောင်းခံရန်

(က) ရှေးဦး ပထမ မြတ်စွာဘုရားကို ပင့်ရမည်၊ သီလခံယူခြင်း စသော ကိစ္စများကို ခံယူ စောင့်ထိန်းရမည်။

(ခ) မိမိတို့ ဝတ်ပြုမြဲအတိုင်း ဘုရားရှိခိုး၍ ဂါထာ မန္တန်တော်များကို ရွတ်ဖတ်ရမည်။

(ဂ) သိဒ္ဓိရှင် ဝိဇ္ဇာဆရာကြီးများနှင့် နတ်ကြီးများကို ပင့်ဖိတ်ရမည်။

(ဃ) မှရိတ်ဒေသနာတော် တစ်ခုခုကို ရွတ်ဆိုရမည်။

(င) ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားရှင် ကိုယ်တော်မြတ် ကြီး တို့သည် ဘ ပည့် တော် ၏ ဦးခေါင်းထက်၌ အမြဲမပြတ် ကိန်းဝပ် စံပယ်တော်မူပါဘုရား။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏ ဟောကြား ဆုံးမတော်မူသော နိဗ္ဗာန် ပရိယတ္တိ တည်းဟူသော ဒေသနာတော်မြတ် အပေါင်းတို့သည် ဘပည့်တော်၏ နှလုံး မနော အကြည်ဓာတ်၌ အမြဲမပြတ် ကိန်းဝပ် တော်မူပါဘုရား။

ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏ သာဝက ရဟန္တာ အရှင်မြတ်ကြီးတို့သည် ကပည့်တော်၏ လက်ဝဲ လက်ယာ ပခုံးထက်၌ အမြဲမပြတ် ကိန်းဝပ် တည်နေတော်မူပါ ဘုရား။

သာသနာကို၊ ကောင်းစွာပြုပြင်၊ လွန်စည်ပင်အောင်၊ ဘုန်းခေါင်ကျော်ကြား၊ မဟိဒ္ဓိရှင်၊ ဘိုးတော်ကြီးများ၊ မိန့်ခဲ့သည်မှာ၊ ဆရာသခင်၊ ကျေးဇူးရှင်၏၊ ဤတွင်မချွတ်၊ ဆရာဝတ်ကို၊ မလွတ်စီမံ၊ ရည်စိတ်သန်၍၊ တောင့်တလျက်သာ၊ ပင့်လျှောက်ပါသည်၊ ပိုင်ပိုင်ကြီးကြပ်၊ တပည့်မြတ်၏ ပြုအပ်သောဝတ်၊ ယွင်းမချွတ်ဘဲ၊ ကျွတ်လွတ်စေမူ၊ ကောင်းအောင်ပြု၍၊ ကြည့်ရှုစိမ့်ငှာ၊ စောင်းပန်ပါသည်၊ ထင်ရှားလျင်စွာ၊ ကြွတော်မူပါ၊ သိဒ္ဓိရှင် ဝိဇ္ဇာ ဆရာကြီးများဘုရား။ လောကသယမ္ဘူ၊ ငါးဆူမြတ်စွာ၊ ငါးဖြာမုနိ၊ တုမရှိပြား၊ သီရိထွတ်ထား မြတ်ဘုရားတို့၏၊ ကိုးပါးဂုဏ်တော်၊ တုမဲ့မျှော်သား၊ တန်ခိုးအားကြောင့်၊ စီးပွားချမ်းသာ၊ လိုရာခဏ်၊ ဗုဒ္ဓသဿယ၊ ကြံကပြီးစီး၊ ရေမြေတောတောင်၊ ကုန်အောင်မကျန်၊ ပျော်စံနတ်ကောင်း၊ သိဒ္ဓိရှင် ဝိဇ္ဇာနတ် အပေါင်း၊ သူတော်ကောင်းတို့၊ သောင်းသောင်းကြည်ာ၊ မကြာခဏ်ကြွရောက်ကြ၍၊ မကြာစေသား၊ ဆယ်ဖြာလက်ထိ၊ ကိုင်မိရုံမျှ၊ သိဒ္ဓိနတ်ဆေး၊ ရေစင်အေးကို၊ တိုက်ခပ်ကျွေးသို့၊ ဘေးမျိုးကင်းပျောက်၊ ချမ်းသာရောက်အောင် မကြာစေသား၊ တုမယှဉ်နိုင်၊ ပညာအစွမ်း၊ ကျွန်းဇမ္ဗူတွင်၊ ပြိုင်သူမပေါ်၊ မြတ်တော

ဇော်ဝေကြောင့်၊ နတ်ဂဆားဘော်ပေါင်း၊ ဆက်ရာဆက်ကြောင်း၊ လက်ဆယ်ချောင်းမှာ၊ ဖြစ်ပါစေသတည်း။

ရတနာသုံးဦး၊ ဆိုကြူးမကွာ၊ ထိုသစ္စာကြောင့်၊ ဝိဇ္ဇာ အထူး၊ ဤကျေးဇူးကို၊ နတ်များဒေဝါ၊ ဝါသဝနှင့်၊ စတု-လောကပါလာ၊ မဟာဗိဿနိုး၊ လက်ရုံးမိုး၍၊ ဘန်ခိုးလျှံပေါ် ဝေါရဝိန္ဒ၊ စသည်အညီ၊ သူရဿတီ၊ ဒေဝီအပေါင်း၊ ကောင်းခြင်း မ-စ၊ အောင်ဆုမင်္ဂလာ၊ အောင်ဆုပြု၍၊ ကျိုးကြောင်း ချမ်းသာ၊ မင်္ဂလာကို၊ မကွာ နေ့တိုင်း ရစေသား။

သြောင်း-နမော ဗုဒ္ဓါ၊ သြောင်း-နမော ဓမ္မာ၊ သြောင်း-နမော သံဃာ့ ရတနာကို၊ မကွာထက်ကြပ်၊ မပြတ်ဆည်းကပ်၊ အရပ်ရပ် သိဒ္ဓိမင်္ဂလာသည်၊ မကွာ နေ့တိုင်း၊ ပြောက်စေ သောဝ်။

အထက်ပါ သိဒ္ဓိကောင်း ဆုတောင်း ရွတ်ဆိုပြီးလျှင် မိမိ ထုံးဆောင်ရန် အတွက် ရေစင်ကို သောက်ရမည်။

၎င်းနောက် ကြွရောက်လာသော ပုဂ္ဂိုလ်ကြီးများမှ စ၍ ရှိရှိသမျှသော သတ္တဝါ အနန္တကို မေတ္တာပို့ အမျှပေးဝေ၍ မိမိတို့၏ သီအင်းသုံးရာ ဖြစ်သော ဗိမာန် အဆောင်ဆောင် တို့သို့ ပြန်ကြွတော်မူရန် လျှောက်ထား ပြောဆိုရမည်။

ကြွရောက်လာကြသော နတ်၊ ဝိဇ္ဇာ၊ သိဒ္ဓိရှင်၊ အဘကိ ဆရာကြီး အပေါင်းတို့အား အထူး ကျေးဇူးရှိစေရန်အတွက် ရွတ်ဖတ်သရဇ္ဈာယ်ရန်။

—ဝ—

## ပရိမိတ္တဇာလသုတ်

ဧဝံ မေ သုတံ၊ ဧကံ သမယံ၊ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေပဗ္ဗတေ၊ ခဘန္ဒခေါ ပန သမယေန ကုမ္ဘဏ္ဍေန ယက္ခေန၊ ဒေဝဝန် ယက္ခေန၊ ဣန္ဒေန- ယက္ခေန၊ ဗြဟ္မေန ယက္ခေန၊ သုပဏ္ဏေန ယက္ခေန၊ နာဂေန ယက္ခေန၊ ဂန္ဓဗ္ဗေန ယက္ခေန၊ ပုဗ္ဗဒိသေန ယက္ခေန၊ အဂ္ဂိဒိသေန ယက္ခေန၊ ဒက္ခိဏ ဒိသေန ယက္ခေန၊ နရတိမ ဒိသေန ယက္ခေန၊ ပစ္ဆိမ ဒိသေန ယက္ခေန၊ ပါယဗ္ဗဒိသေန ယက္ခေန၊ ဥတ္တရ ဒိသေန ယက္ခေန၊ ဧသာန္နဒိသေန ယက္ခေန၊ သမုဒ္ဒ ဒိသေန ယက္ခေန၊ အာကာသဒိသေန ယက္ခေန၊ ဘူမ ဒိသေန ယက္ခေန။

အပ္ပမေယျော ဗုဒ္ဓေါ၊ အပ္ပမေယျော ဓမ္မော၊ အပ္ပမေယျော သံဃော၊ ဘယသန္တိ မဟာ မောဂ္ဂလ္လာနံ၊ ယတ္ထ ယတ္ထ အပါဒကော၊ ယတ္ထ ယတ္ထ ဒွိပါဒါ၊ ယတ္ထ ယတ္ထ စတုပ္ပါဒါ၊ ယတ္ထ ယတ္ထ ဗဟုပ္ပါဒါ၊ ပါဒအန္တံ၊ ဥရအန္တံ၊ စက္ခုအန္တံ၊ မုခအန္တံ၊ ဇိဝှါအန္တံ။

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ၊ သဗ္ဗလဒလဣကာဓာတု၊ မာတာပိတု ဗုဒ္ဓရက္ခန္တိ ကာဘာ၊ သဗ္ဗလလော်ကာဓာတု၊ မာတာပိတု ဓမ္မရက္ခန္တိ ကာတာ၊ သဗ္ဗလလောကာဓာတု၊ မာတာပိတု သံဃရက္ခန္တိ ကာတုံ ရက္ခံ ဝါ ဒိဝံ ဝါ သဒါ မံ ရက္ခန္တု။

သဗ္ဗ ဒေဝတာဒယ ဣမသ္မိံ ပရိမိတ္တ ဇာလသာ တေဇေန၊ ဣမသ္မိံ အပ္ပါကင် သရီရေ ကောစိ ဥပဒ္ဒဝေါ၊ အာဒနုဘာဝေန တေဇေန၊ ဣမသ္မိံ လောကေ၊ ဣမသ္မိံ ဇမ္ဗုဒီပေ၊ ဣမသ္မိံ ပဗ္ဗတေ၊ ဣမသ္မိံ နဂရေ၊ ဣမသ္မိံ ဂေဟေ သဗ္ဗသတ္တရူ ဝိနာသန္တု၊ သဗ္ဗေ ဥပဒ္ဒဝေါ ဝိနာသန္တုတို့။

အနက်

ဘန္တေ၊အရှင်ဘုရားတို့၊ ဣဒံသုတ္တံ၊ ဤပရိမိတ္တဇာလသုတ်ကို၊မေမယာ၊ အကျွန်ုပ် အာနန္ဒာမထေရ်သည်၊ ဘဂဝတော၊ မြတ်စွာဘုရား၏၊ သမ္မုခါ၊ မျက်မှောက်တော်မှ၊ ဝေ၊ဤသို့၊ သုတံ၊ ကြားအပ်ပါ၏၊ ဧကံ၊ တစ်ပါးသော၊သမယံ၊အခါ၌၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌၊ ဂိဇ္ဈကုဋေပဗ္ဗတေ၊ ဂိဇ္ဈကုဋ်တောင်၌၊ ဝိဟရတိ၊ နေတော်မူ၏။

တေနခေါ်ပန သမယေန၊ ထိုသို့ နေတော်မူသောအခါ၌၊ ကုမ္ဘဏ္ဍေန ယက္ခေန၊ ကုမ္ဘဏ္ဍမည်သော နတ်နှင့်၊ ဒေဝေန ဓာက္ခေန၊ ဒေဝမည်သော နတ်နှင့်၊ ဣန္ဒေနယက္ခေန၊ ဣန္ဒမည်သောနတ်နှင့်၊ဗြဟ္မေနယက္ခေန၊ဗြဟ္မာမည်သောနတ်နှင့်၊ သုပဏ္ဏေနယက္ခေန၊ သုပဏ္ဏ မည်သော နတ်နှင့်၊ နာဂေန ယက္ခေန၊ နာဂမည်သော နတ်နှင့်၊ ဂန္ဓဗ္ဗေနယက္ခေန၊ ဂန္ဓဗ္ဗမည်သော နတ်နှင့်၊ ပုဗ္ဗဒိသေနယက္ခေန၊ ပုဗ္ဗဒိသာမည်သော နတ်နှင့်၊ အဂ္ဂိဒိသေနယက္ခေန၊အဂ္ဂိဒိသာမည်သော နတ်နှင့်၊

ဒက္ခိဏဒိသေန ယက္ခေန၊ ဒက္ခိဏဒိသာ မည်သော နတ်နှင့်။ နရတိမဒိသေန ယက္ခေန၊ နရတိမဒိသာ မည်သော နတ်နှင့်။ ပစ္ဆိမ ဒိသေန ယက္ခေန၊ ပစ္ဆိမဒိသာ မည်သော နတ်နှင့်။ ဝါယဗ္ဗ ဒိသေန ယက္ခေန၊ ဝါယဗ္ဗ ဒိသာမည်သော နတ်နှင့်။ ဥတ္တရ ဒိသေန ယက္ခေန၊ ဥတ္တရဒိသာမည်သော နတ်နှင့်။ ဤသာန ဒိသေန ယက္ခေန၊ ဤသာန ဒိသာမည်သော နတ်နှင့်။ သမုဒ္ဒ ဒိသေန ယက္ခေန၊ သမုဒ္ဒဒိသာမည်သော နတ်နှင့်။ အာကာသ ဒိသေနယက္ခေန၊ အာကာသဒိသာ မည်သော နတ်နှင့်၊ ဘူမိ ဒိသေန ယက္ခေန၊ ဘူမိဒိသာမည်သော နတ်နှင့်။ ဘဂဝါ၊ သုံးလူထွတ်တင် ဘုရားရှင်သည်။ ဝိဟရတိ၊ နေတော်မူ၏။ ဗုဒ္ဓေါ ဗုဒ္ဓသာ၊ သုံးလူ့ထွတ်တင် ဘုရားရှင်၏။ ဂုဏော၊ ဂုဏ်တော်သည်။ အပ္ပမေယျော၊ အတိုင်းမသိ။ ဓမ္မော-ဓမ္မသာ၊ တရားတော်မြတ်၏။ ဂုဏော၊ ဂုဏ်တော်သည်၊ အပ္ပမေယျော၊ အတိုင်းမသိ။ သံဃော-သံဃသာ၊ သံဃာတော်အရှင်မြတ်၏။ ဂုဏော၊ ဂုဏ်တော်သည်။ အပ္ပမေယျော၊ အတိုင်းမသိ။ ဘယ-သန္တ-ဘယသန္တသာ၊ ဘေးငြိမ်းခြင်းကို ပြုတော်မူတတ်သော။ မဟာ မင်္ဂလ္လာနသာ၊ တန်ခိုးထက်သန် အရှင် မောဂ္ဂလာန်၏။ ဂုဏော၊ ဂုဏ်တော်သည်။ အပ္ပမေယျော၊ အတိုင်းမသိ များလှဘိ၏။

တေသံ၊ ထိုဘုရား-တရား-သံဃာ-အရှင်မဟာမောဂ္ဂလာန်တို့၏။ တေဇေန၊ တန့်ခိုးတော်ဇော် အာနုဘော်တော်ကြောင့်။ ယတ္ထ ယတ္ထ၊ အကြင် အကြင်အရပ်၌။ အပါဒကော၊ အခြေမရှိသော သတ္တဝါဘို့သည် လည်းကောင်း။ ယတ္ထ ယတ္ထ၊ အကြင်

အကြောင်အရပ်၌၊ ဒွေပါဒါ၊ အခြေနှစ်ချောင်းရှိသော သတ္တ
ဝါတို့သည် လည်းကောင်း။ ယတ္ထ ယတ္ထ၊ အကြင် အကြင်
အရပ်၌။ စတုပ္ပါဒါ၊ အခြေလေးချောင်း ရှိသော သတ္တဝါ
တို့သည် လည်းကောင်း၊ ယတ္ထ ယတ္ထ၊ အကြင် အကြင်အရပ်
၌၊ ဗဟုပ္ပါဒါ၊ အခြေများသော သတ္တဝါတို့သည် လည်း
ကောင်း။ သန္တိ၊ ရှိကြကုန်၏။ တေ၊ ထိုသတ္တဝါ တို့သည်။
တတ္ထ တတ္ထ၊ ထိုထိုအရပ်၌၊ ဝသန္တာနံ၊ နေကြကုန်သော လူ
သတ္တဝါ တို့၏၊ ပါဒါနံ၊ ခြေ ကျင်နာခြင်းကို လည်း
ကောင်း။ ဥရူနံ၊ ပေါင်ကျင်နာခြင်းကို လည်းကောင်း။
စက္ခူနံ၊ မျက်စိနာခြင်းကို လည်းကောင်း။ မုခါနံ၊ ခံတွင်း
နာခြင်းကို လည်းကောင်း။ ဇိဝှာနံ၊ လျှာနာခြင်းကို လည်း
ကောင်း။ မာကရောန္တု၊ မပြုလုပ်နိုင်စေကုန်သတည်း။

ဗုဒ္ဓဿ၊ ဘုရားရှင်အား။ နမော၊ ရှိခိုးပါ၏။ ဓမ္မဿ၊
တရားတော်အား၊ နမော၊ ရှိခိုးပါ၏။ သံဃဿ၊ သံဃာ
တော်မြတ်အား၊ နမော၊ ရှိခိုးပါ၏။ သကလလောကဓာတု
မာတာပိတု ဗုဒ္ဓရက္ခနံ၊ အလုံးစုံသော လောကဓာတ်၏ မိဘ
သဖွယ်ဖြစ်သော ဘုရားရှင်၏ စောင့်ရှောက်ခြင်းကို၊ ကတံ၊
ပြုအပ်၏။ သကလလောကဓာတု မာတာပိတု ဓမ္မရက္ခနံ၊
အလုံးစုံသော လောကဓာတ်၏ မိဘသဖွယ်ဖြစ်သော တရား
တော်၏ စောင့်ရှောက်ခြင်းကို၊ ကတံ၊ ပြုအပ်၏။ သကလ
လောကဓာတု မာတာပိတု သံဃရက္ခနံ၊ အလုံးစုံသော လော
ကဓာတ်၏ မိဘသဖွယ်ဖြစ်သော သံဃာတော်၏ စောင့်
ရှောက်ခြင်းကို၊ ကတံ၊ ပြုအပ်၏။

တေ၊ ထိုဘုရား တရား သံဃာတော်တို့သည်၊ ရတ္တိံ ဝါ၊ ညဉ့်၌ လည်းကောင်း၊ ဒိဝံ ဝါ၊ နေ့၌ လည်းကောင်း သဒါ၊ အခါခပ်သိမ်း၊ မံ၊ အကျွန်ုပ်ကို၊ ရက္ခန္တု၊ စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

သဗ္ဗဒေဝတာယ၊ အလုံးစုံသော သမ္မာဒေဝ နတ်မြတ်အပေါင်းတို့၏၊ တေဇေန၊ တန်ခိုးတော်ဇော် အာနုဘော်ကြောင့်လည်းကောင်း၊ ဣမသာ ပရိမိတ္တဇာလသာ၊ ဤပရိမိတ္တဇာလသုတ်၏၊ တေဇေန၊ တန်ခိုးတော်ဇော် အာနုဘော်ကြောင့်လည်းကောင်း၊ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်၌၊ အပါကဋ္ဌံ၊ သေးငယ်သော ဘေးရန်သည် လည်းကောင်း၊ ကေစိဥပဒ္ဒဝါ၊ ကြီးမား များပြားသော ဥပဒ္ဒဝေါတို့သည် လည်းကောင်း၊ ဝိနာသန္တု၊ ပျောက်ပျက်စေကုန်သတည်း။

ဣမသ္မိံ လောကေ၊ ဤလူ့ပြည်လောက၌၊ ဣမသ္မိံ ဇမ္ဗူဒီပေ၊ ဤဇမ္ဗူဒိပ်ကျွန်း၌၊ ဣမသ္မိံ ပဗ္ဗတေ၊ ဤတောင်၌၊ ဣမသ္မိံ နဂရေ၊ ဤမြို့၌၊ ဣမသ္မိံ ဂေဟေ၊ ဤအိမ်၌၊ ဝသန္တာနံ၊ နေကြကုန်သော သတ္တဝါတို့အား၊ သဗ္ဗသတ္တရူ၊ ခပ်သိမ်းသော ဘေးရန်ဟူသမျှတို့သည်၊ ဝိနာသန္တု၊ ပျောက်ပျက်စေကုန်သတည်း။ သဗ္ဗေ ဥပဒ္ဒဝါ၊ အလုံးစုံသော ဥပဒ္ဒဝေါတို့သည်၊ ဝိနာသန္တု၊ ပျောက်ပျက်စေကုန်သတည်း။ အဝေါစ၊ ဣတိ၊ ဤသို့၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ဟောတော်မူ၏။

—ဝ—

## ဒေဝပဋ္ဌာနာ ဂါထာ

ဌေတ္ထာဝတာစ အမ္မေဟိ၊ သမ္ဗုဒ္ဓကာံ ပုညသမ္ပဒံ၊
သဗ္ဗေဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။
ဒါနံဒဒန္တု သဒ္ဓါယ၊ သီလံရက္ခန္တု သဗ္ဗဒါ၊
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။

ဤမျှသောအစီရင်များကို သိဒ္ဓိတောင်းခံရန် နည်းလမ်းများအတွက် ဖော်ပြရေးသားလိုက်ရပေသည်။

(အလိုရှိသော ပုဂ္ဂိုလ်များအဖို့ ဤနည်းသည် လုံလောက်ပါကြောင်း။)

အထက်ပါနည်းများအတိုင်း ပြုလုပ်ပြီးနောက် အောက်ပါ ဂါထာ မန္တန်တော် များကို ဆက်လက်၍ တတ်အားသမျှ ရွတ်ဆိုပါလေ။

## အောင်ကြောင်းဓဝဆာ မြတ်ဂါထာ

နံ- ကာရော ကကုသန္ဓော မဟာပညော
အာနုဘာနေ မေတ္တာဥ္ဆ သဗ္ဗလောကသ္မိံ။

မော- ကာရော ကောဏာဂမနော မဟာပညော
အာနုဘာဝေန မေတ္တာဥ္ဆ သဗ္ဗ လောကသ္မိံ။

၄- ကာဠရေ ကဿပေါ မဟာပညော
အာနုဘာဝေန မေတ္တာနံ အဗ္ဗ ဇောဝကာသို့။
၅။- အာစရော ဂေါတမော သကျပုတ္တော မဟာပညော
အာနုဘာဝေန မေတ္တာနံ အဗ္ဗ လောကာသို့။

## ဂုဏ်တော်ကိုးပါးအကျိုးကား။

(၁) ဆောဘာဂဝါ ဣတိပိ အရဟံ။
ဘုန်းကြွက်ထရေ တိုးတက်စေအည်။
(၂) သောဘာဂဝါ ဣတိပိ အမ္မာ သမ္ဗုဒ္ဓေါ။
အကြံဉာဏ်ဆောင်း ပေါ်စေသည်။
(၃) ဆောဘာဂဝါ ဣတိပိ ဝိဇ္ဇာစရဏ အမ္မန္နော။
အကြံပျူလများကို ထိုးထွင်း သိစေနိုင်သည်။
(၄) သောဘာဂဝါ ဣတိပိ သုဂတော။
ပြောစသမျှစကား အောင်မြင်စေသည်။
(၅) သောဘာဂဝါ ဣတိပိ လောကဝိဒူ။
ထင်ပေါ်ကျော်စောစေသည်။
(၆) သောဘာဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မ
သာရထိ။
ဆိုးဝါးလှသော တိရစ္ဆာန်၊ လူ နတ်တို့ကို နိုင်နင်း
ချစ်ခင် မြတ်နိုးစေသည်။

(၇) သေစဘာဂဝါ ကုလတိပိ သတ္တဒေဝမနုဿစန်း၊
သူတစ်ပါး အလိုဆန္ဒကို ဖြည့်စွမ်း၊ ကယ်တင် နိုင်ပေ
သည်။

(၈) အေစဘာဂဝါ ကုလတိပိ ဗုဒ္ဓေါ၊
အရှုရှု ကြံ့သေ၍ သိနိုင်ပေသည်။

(၉) သေစဘာဂဝါ ကုလတိပိ ဘာဂဝါ၊
သူတစ်ပါးတို့ မတုံမပြိုင်စံ ကြေးစက်လန့် ရှိအောပေ
သည်။

## ကပ်ကျော် ဂါထာ

သီရသ္မိံ ဓေ ဗုဒ္ဓအေဒ္ဒေ သာစရိပုတ္တောစ ဒက္ခိဏေ၊ ဝါမ အံသေ၊ မေဂ္ဂလ္လာနေ ဗုရတော ပိဋ္ဌကတ္တာယံ ပစ္ဆိမေ မမ အာနန္ဒော စတုဒ္ဒိသာ ဒီကာသဝါ၊ ဘမန္တာ လောကာပါလာစ ဥန္နာဒေဝါ သဗ္ဗဟုကာ ဝေတသံ အာနုဘာဝေန၊ သဗ္ဗဘာယ ဥပဒ္ဒဝါ၊ အနေကာ အန္တရာယာပိ၊ ဝိနာသန္တု အသေသာတော။

ဤဂါထာတော်ကြီးကို ကောင်းစွာရေး၍ အိမ်ပေါက်တွင်ထားဆောင် ရန်သူဟူသမျှ မဝင်ရောက်နိုင်။ မကောင်းဆိုးဝါး အစိမ်းသဘက်များ လွန့်စွာ ကြောက်ကြ၏။

----ဝ----

# ပထမံ ၄၉-အင်းတော်ကြီး

## အင်းဆံသွင်းရန်ဂါထာ

ပထမံ သုံက လက္ခဏ မေကပဒံ
ဒုတိယာဒိ ပဒေသ နိဒ္ဒေသနတော၊
ဆ-မ-နိ၊ ဒု-နိ-မ၊ သ မ ဒူ၊ သ နိ ဒူ၊
ဝိဘင်္ဂေ ကမတော ပဌမေန ဝိနာ၊

ဤ ပထမံ ဂါထာတော်ကြီးကို အင်းချ၍ ဆောင်ဆောင်
အကျိုးအနန္တပြီး၏။ ရှိသေစွာ ဆောင်ကြလေ။

| | | | | | |
|---|---|---|---|---|---|
| | ၂၅ | ၂ | ၁၅ | ၂၂ | |
| ၁ | ၆ | ၂၃ | ၂၆ | ၃ | ၁၆ |
| ၂၄ | ၂၇ | ၁၀ | ၅ | ၁၄ | ၂၁ |
| ၇ | ၃၂ | ၂၉ | ၂၀ | ၁၇ | ၄ |
| ၂၈ | ၁၁ | ၁၈ | ၉ | ၃၀ | ၁၃ |
| | ၈ | ၃၁ | ၁၂ | ၁၉ | |

(နောက်၌ ဖော်ပြလတ္တံ့သော အင်းဆံ ဂါထာ များမှာ
ဤအင်းပုံစံ အမှတ်စဉ်အတိုင်း ချ၍ အသုံးပြုရန် ဖြစ်သည်။)

## သဗ္ဗသုခ အင်းဂါထာ

၁။ အုံမရော ပါဋ္ဌိဟာ ဘုဇမွဲ၊ အုံမခရ စိတ္တံခမတာ၅ါ
အုံမရော သောဇာတော ဗုဒ္ဓေါ။ အုံမရော ပန တော
နမော။

၂။ အုံသေန မာရ ပိတ္တုခန။ အုံဖုဇောတိ သမ္ဗေသတ္တံ။
အုံယောဟိဒ္ဒိဟိ မဂ္ဂေဟိ အုံသန္တိ အစရပုရေ၊

ဤဂါထာတော်သည်၊ ဘေးရန် တွေ့ကြုံလျှင်၊ လွှတ်ကင်း
ချမ်းသာ နိုင်သည်။

## သီရိမဂ်ထာ အင်းဆံဂါထာ

သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

ဤဂါထာကို လောကီ အစီအရင်များ၌ အခါ နက္ခတ်
မရွေး လိုလျှင် ၎င်းဂါထာကို သရဇ္ဈာယ်၍ ဆောင်လေ
အကျိုးပြီးစီးနိုင်၏။

## နေ့ကြာ အင်းဆံဂါထာတော်

နမော ဂတာ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ ဘာဗ္ဗမိ၊
သမ္မာခပ္ပဋိပန္နောသို၊
တာဿ မေ သရဏံ ဘဝ။

တထာဂတံ အရဟန္တံ။
သူရိယော သရဏံဂတော၊
ရာဟုသူရိယံပမုဉ္စဿု၊
ဗုဒ္ဓါလောကာ နုကမ္ပကာ၊ ။

## လ စကြာ အင်းဆံ့ဂါထာတော်

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊
တဿ မေ သရဏံ ဘဝ၊

တထာဂတံ အရဟန္တံ၊
စန္ဒိမံ သရဏံ ဂတော၊
ရာဟုစန္ဒံ ပမုဉ္စဿု၊
ဗုဒ္ဓါလောကာ နုကမ္ပကာ၊ ။

ဒင်းနေစကြာ လစကြာ ဂါထာတော်ကြီးကို အဓိဋ္ဌာန်၍ ဝတ်ကြီးပြုပြီးသည့် အဆုံး၌ မိမိတို့၏ သက်စေ့ ရွတ်ဖတ် သရဇ္ဈာယ်လေ၊ နေလကို စီး၍ အားထုတ်လိုသော ပုဂ္ဂိုလ်များသည် နေဝန်း လဝန်းထွက်ပေါ်လာသည်ကစ၍ နေလ ဝင်သွားသည့် တိုင်အောင် နေဝန်းကိုကြည့်၍ မိမိ စိတ်ကလည်း နေဝန်း လဝန်းတို့သွားရာအရပ် အလင်းရောင်ထွန်းလင်း၊ ရောက်ရာ အပျပ်သို့တိုင်အောင် ငါ၏မေတ္တာဉာဏ်အမွှ

ပျံ့နှံ့ပါစေသတည်း ဟု မေတ္တာဘာဝနာများကို အားထုတ် ရပေမည်။

အမိဝင်္ဂခန်းပြုံထားသော ၄၉ ရက် အတောအတွင်း တစ်ပါးသော လူများနှင့် စကားမပြောရ၊ သိဒ္ဓိသုံးပါး ပြီးမြောက် ပါလိမ့်မည်။

### အာယုဒီဃအင်းဆံ ဂါထာ

ပဒုမုတ္တရ မုနိန္ဒံ၊ အိသဒ္ဓတ မနုတ္တရံ
နိဗ္ဗာန မိတိ ဘာသန္တိ၊ ဝါနမုတ္တာဓမဟာသဓော။

ဤအင်းကို သိမ်ပင် သပိတ်ကွဲမှာချ၍ သောက်ရေအိုး တွင်ထည့်၍ သောက်သော် ၉၆ ပါး ရောဂါပျောက်ကင်း၏။

### သီရိဝစုန အင်းဆံ ဂါထာ

သုခံ ဘဂျံ ဗလံ ဇေယျံ၊ ယသံ တေဇော လာဘံအာယု၊
အဋ္ဌစရှာနိ မာနေစ ဝစုန္တံ ဇိနဂေါစရာ။

ဤဂါထာကို အင်းချ၍ ဆီမီးပူဇော်လေ စီးပွားတိုး တက် အသက်ရှည်စေသည်၊ နေ့စဉ်ပြုလုပ်ထိုက်၏။

### မဟာသုခအင်းဆံ ဂါထာ

ထုသဘောဂါစ ပုညာစ၊ ယသန္တိ သမ္ပဒုဒ္ဒါနံ၊
ထုဇိတ္တုစ မေ့ သံဃဉ၊ ယသန္တိ အမတံပဒံ။

ဤအင်းကို သန့်ရှင်းသော စက္ကူတွင် ပြုပြု၍ ဦးခေါင်း ချသောအခါတည့်လေ စည်းစိမ်ဥစ္စာဟူသမျှ တည်တံ့ ပွားများ၏။ ကိုယ်စိတ်နှစ်ဖြာချမ်းသာ ရှင်လန်းစေ၏။

## ရတနာတံတိုင်းအင်းဆံဂါထာ

သာသနဿစ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၎င်းအင်းကို ရေးပြီးလျှင် အိမ်လေးထောင့်တွင် ဆွဲ[illegible] ၍ထား၊ ရန်သူဟူသမျှလုံခြုံ၏။

## သမ္ဗုပိယ အင်းဆံဂါထာ

၁။ ဣတိပိသော စိသေသေဣ၊ ဣဋ္ဌဝါသော ဗုဒ္ဓံနာမိဣ။
ဣမိနာ ဗုဒ္ဓတံသောဣ၊ ဣမဿာတံ ဗုဒ္ဓနာမိဣ။

၂။ သိဒ္ဓိတေဇော၊ သိဒ္ဓိဝရ၊ သိဒ္ဓိဇေယျာ သိဒ္ဓိကာမ္မံ၊
သဗ္ဗညုပူဇာ လာဘဘဝရ၊ သမ္ဗုပီယံ ဘဝတုမံ။

ဤအင်းဆံဂါထာ နှစ်ပုဒ်ကို ရွှေပြား၊ ငွေပြား ရေးရာတွင် ဆက်ဖွဲ့စီရင်ပြီးသော် မြင့်မြတ်သော နေရာတွင် ရှိသော် စွဲဆောင်လေ ကြံသမျှအောင်မြင် ပြီးစီးနိုင်၏။

## သဗ္ဗသိဒ္ဓိဂါထာတော်

ပိဋကတ္တယ သညုတ္တံ၊ သဗ္ဗသိဒ္ဓိသုခါဝဟံ။
ဇိဝှဂ္ဂေ မေ နိသီဒန္တု၊ မံ ဓာရေတု သုရဿဟိ။

ဤဂါထာတော်ကို တစ်နေ့လျှင် သုံးခေါက်ရွတ် မိမိ ပြောဆိုမျှ ကောင်းအောင်မြင်၏။

## ပယောဂတို့ကိုနိုင်နင်း၍ ဘေးကင်းသော ဂါထာတော်

ဧဝံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ၊
ဘယံ ဝါ ဆမ္ဘိ တတ္တံဝါ လောမဟံသော နဟေဿတိ။

## သိဒ္ဓိတင်ဂါထာတော်

သိရသ္မိံ ဗုဒ္ဓဝစနံ၊ နဠာဋေ ဗြဟ္မဒေဝတာ။
စက္ခုကဏ္ဏေ ဃာနေ ဒွေစရာဇာ၊ မုခေ သူရဿတီဒေဝီ။
ဟဒယေ နာရာယနဉ္စ၊ ဟတ္ထေစ ပရမေသွာရာ၊
ပါဒေပိဿနုဒေဝါစ၊ သေသာ ဒေဝါ မဟိဒ္ဓိကာ၊
မဟာဒေဝါ နုဘာဝေန၊ သဗ္ဗကမ္မာနိ သိဒ္ဓိမေ၊
မေတ္တာ စိတ္တနမံ သဗ္ဗေ၊ ဩဘာသန္တု ဒိဝနဒိနေ။ ။

၎င်း ကိုယ်စောင့် ဂါထာတော်ကြီးကို အမြဲ ရွတ်ဖတ် သရဇ္ဈာယ်ပါက အကြံအစည်မှစ၍ အမှန်ကိုသာ ကြံစည် ပြောဆိုမိသည်၊ အမှားလမ်းသို့ မရောက်ရှိနိုင်။

## အလုံးစုံသောလောကကို အလိုရှိသမျှဖန်ဆင်းနိုင်သော

## စိန္တာမုနိ အင်းဆံ ဂါထာတော်ကြီး

၁။ မုနိမုနိ မုနိန္တာသော၊ မုနိ မုနိ တဿမုနိ၊
တဿာ မုနိ မုနိ မုနီ၊ မုနိန္တာဒသော မုနိမုနိ။ ။

၂။ မုန္နိန္ဒသာ ဝရံဝရာ၊ မုနိနာမ ရာဇသေဋ္ဌံ၊
မုနိဂေါသံ ပညာဟတ်၊ မုနိန္ဒာယ မုနိမုနိ။

၃။ မဟာစိန္တာ ဝိနိစ္ဆယံ၊ မဟာစိန္တာ မုနိ လာဘံ
မဟာစိန္တာ မုနိသိဒ္ဓိ၊ မဟာစိန္တာ ပရာဇယံ။

၄။ စိန္တာမုနိ သုဒ္ဓမာနာ၊ စိန္တာမုနိ သဗ္ဗိသွာရာ၊
စိန္တာမုနိ ဆဗ္ဗံဗာဓာ၊ စိန္တာမုနိ မုနိဇေယျံ။

၅။ စိန္တာမုနိ ဂေါစရမာ၊ စိန္တာမုနိ ကြိယာပူဇာ၊
စိန္တာမုနိ ပြဘာတေဇာ၊ စိန္တာမုနိ ဘုမ္မိဇေယျာ။

၆။ စိန္တာမုနိ မဟာယသာ၊ စိန္တာမုနိ ဗုဒ္ဓဗောဓိ၊
စိန္တာမုနိ ဓမ္မဗောဓာ၊ စိန္တာမုနိ ဓမ္မသယော။

၇။ စိန္တာတြံတုဝ နလဇတာ၊ စိန္တာ သဗ္ဗသာ ပူဇိတာ၊
စိန္တာဒေဝ မနုပူဇာ၊ စိန္တာမသာ မပ္ပဇေယျာ။

၈။ စိန္တာမုနိ ဝရ ဒိဗ္ဗာ၊ စိန္တာလောဆာသံ သုခဆာ၊
စိန္တာယာစ ဘာဇဂ္ဂသာ၊ စိန္တာ ရောဂါ ဣသိမုနိ။

၉။ စိန္တာ လောကုတ္တရော ဓမ္မော၊ စိန္တာယ ဗုဒ္ဓဘောဇသာ၊
ဩဟာယ ဒေါသမနုသာ ဩဟာယ တသာတေနမော။

၁၀။ အပ္ပရေ ပြဋ္ဌိဟာဇဗုဒ္ဓေါ၊ အပ္ပရေဝက်မိုသဒ္ဒေါ၊
အပ္ပရေ သောဘဏော အဒ္ဓေါ၊ အပ္ပရသံဃတေနမော။

၁၁။ အနန္တဂုဏာသမ္ဗန္ဓံ၊ အနန္တဂုဏ သမ္ဘတံ၊
အနန္တဂုဏ တေဇသာ၊ အနန္တပရိဝါရိတော။

၁၂။ နရဒေဝေဟိ ပြဟ္မာနော၊ ယက္ခော နာဂေဟိ ဂုရုကာ၊
ဒေဝိတ္တာန ပီယပုတ္တံ၊ မမံ ဓဝစယ သိဒ္ဓေဟံ။

အကျိုးကား မင်းစသော အမျိုးလေးပါး ချစ်ခင်မြတ်နိုးခြင်း၊ မခက်ခဲသောဂြိုဟ်စီးဂြိုဟ်နင်းတို့နှင့် တွေ့ဆုံသော်လည်း ဆင်းရဲခြင်းမှ လွတ်ကင်းချမ်းသာ၍ မဟာ မင်္ဂလာ ကျက်သရေနှင့် ပြည့်စုံခြင်း စသော အကျိုးကျေးဇူး တို့နှင့် ပြည့်စုံသည်ဟု အသေအချာ မိန့်ကြားတော်မူလေသည်။

## ဓာတ်လေးပါး ဂါထာတော်

## တေဇောဓာတ်ဂါထာတော်

စတုတာဠ္ဍ ဇနနာစန္တု၊ စတုပါဒါယ မာပဇော။
စတုပါဒါ ဝရောဟုဒွေ၊ စတုသဇ္ဈာနစပေဒဓော။

—o—

## ဝါယောလေဓာတ် ဝါထာတော်

ကရောတိ ဘဝေါနုခထ၊ ကာတပုညံ ခဝုဇနုခ၊
ဓဇထေသိ ပုဗ္ဗံတံကတုံ၊ ကရေတိ သတိမေဇနုခ၊ ။

—o—

## အာပေါရေဓာတ် ဂါထာတော်

ဘဂဝတောဘဂ္ဂဒေါသော၊ ဘဂ္ဂမောဟောအနာသဝေါ
ဘဂ္ဂဿ ပါပကာ ဓမ္မာ၊ ဘဂ္ဂဝါ တေန မုစ္စတိ၊ ။

—o—

## ပထဝီမြေဓာတ် ဂါထာတော်

သမ္ဗာသမ္ဗုဒ္ဓ သမ္ဗုဒ္ဓေါ၊ သမ္ဗာဒေတိ မဓာဂ္ဂငိဓနေ၊
သဒ္ဓမ္မရံသံယဥာသာမကော၊ သဗ္ဗဓမ္မံ ဝိနောဒတိ။

လက်ဖွဲ့ထိုး၍ ဆောင် အကျိုးကား ရန်သူဟူသမျှကို နိုင်၏၊ အမျိုးလေးပါးတို့ ချမ်းခင်၏ ဘေးဘယာပေါင်းတွေ့သော အခါ နံ့သာရေတွင် စိမ်၍ဆောင် ဉာဏ်ရှိသမျှသုံးလေ၊

နံ့သာဆီတွင် စိမ်၍ ပထဝီဓာတ် ဂါထာနှင့်အခေါက် ၂၀ မန်း၍ လိမ်းသော် ဥစ္စာစီးပွားမြဲ၏၊ ဇာဘာစန်းလက် ညှိုးနွမ်းသော်လည်း ပင်ပန်းဆင်းရဲခြင်းမဖြစ်။

အာပေါဓာတ်ဂါထာနှင့် ၁၂ခေါက်မန်း၍ လိမ်းသော် လာဘ်လာဘရှင်၏၊ အခြွေအရံပေါများ၏၊ အရောင်းအဝယ်ပွင့်လန်း၏၊ ပြောသမျှစကားခအောင်မြင်၏၊

ဝါယောဓာတ်ဂါထာဖြင့် ၆ ခေါက်မန်း၍ လိမ်းသော် ဆောင်ရွက်သမျှ ကိစ္စချောမောထမြောက် အောင်မြင်လွယ်၏၊ သွားလေရာ အရပ်တိုင်း ချမ်းသာစွာ နေထိုင်ရ၏။ပေါ ပါးလျင်မြန်၏၊

တေဇောဓာတ်ဂါထာနှင့် ၄ခေါက်မန်း၍ လိမ်းသော် ထက်မြက်သောဉာဏ်ပညာနှင့်ပြည့်စုံ၏၊ မင်းပူဇော်ခံရ၏၊ အလိုရှိသမျှ ပြီးစီးအောင်မြင်နိုင်၏။

ဤအစီအရင်များတွင်ပါသော အင်းဆံ ဂါထာများကို လောကီပညာ ဝါသနာမပါသော ပုဂ္ဂိုလ်များသည် တတ်

အားလုံးသော ရွှတ်ဖတ်ဆရာတွေစယ်ကြပါက မကောင်းသေးသော ဒုက္ခအပေါင်းတို့မှ လွှတ်မြောက်၍ အလိုရှိအပ်သော ကောင်း ကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် တွေ့ကြုံခံစားရပေမည်။ ထပ်လာလိုက်စားသူများအဖို့ဉာဏ်ကိုရှေ့ရှု၍အသုံးပြုပါလေ။

—၀—

အရှင်ဘုရား....

ဂါထာမန္တန် မန္တရားတို့သည် မည်သို့ကွဲပြားခြားနား ပါသနည်း ဘုရား—

ဒကာ....

ပါဠိ အစွဲကထောင့်ကန့်ကျမ်းတို့လာသမျှကို ဂါထာခေါ် သည်။

ဥုံ-ပါသည်ကို မန္တန်ခေါ်သည်။

သြော်-ပါသည်ကို မန္တရားခေါ်သည်။

အရှင်ဘုရား—

မင်းပေါင်း၊ ပန်းပေါင်း ဟူသည် အဘယ်အရာများကို ခေါ်ပါသနည်း ဘုရား။

ဒကာ..

မင်းပေါင်းဟူသည် သီဟရာဇာ၊ တေရာဇ်၊ ဘုမ္မရာဇာ မည်သောနှယ်ပင်။

စိတြမာသ တန်ခူးလ၌ သပြေပင်။
ဝိသာခါမာသ ကဆုန်လ၌ သပြေပင်။
ဇေဋ္ဌမာသ နယုန်လ၌ မန်ကျည်းပင်။
အာသဠ္ဍမာသ ဝါဆိုလ၌ မန်ကျည်းပင်။
ပုဗ္ဗပါဒမာသ တော်သလင်းလ၌ ခပေါင်းပင်၊ ဥသျှစ်ပင်၊ သရက်ပင်။
အဿယုဇ္ဇမာသ သီတင်းကျွတ်လ၌ ခပေါင်းပင်၊ ဥသျှစ်ပင်၊ သရက်ပင်။
ကြတ္တိကာမာသ တန်ဆောင်မုန်းလ၌ခပေါင်းပင်၊ဥသျှစ်ပင်၊ သရက်ပင်။
မိဂသီမာသ နတ်တော်လ၌ ရေသဖန်းပင်။
ဖုဿမာသ ပြာသိုလ၌ ရေသဖန်းပင်။
မာဃမာသ တပို့တွဲလ၌ ရေသဖန်းပင်။
ပုဗ္ဗဖာရဂုဏ္ဏီမာသ တပေါင်းလ၌ ပိတောက်ပင်။

ထိုမှတစ်ပါး ငကြော်နှင့်မင်းမှသော သစ်ပင်၊ ဆိုခဲ့သော သစ်ပင်တို့ ပေါင်းစုသည်ကို 'မင်းပေါင်း' ခေါ်ဆိုသည်။

## ပန်းပေါင်းဆိုသည်မှာ

| | | |
|---|---|---|
| မိဿရာသီ | တန်ခူးလ | ကံ့ကော်ပန်း။ |
| ပြိဿရာသီ | ကဆုန်လ | စကားပန်း။ |
| မေထုန်ရာသီ | နယုန်လ | စံပယ်ပန်း။ |
| ကရကဋ်ရာသီ | ဝါဆိုလ | ပုန်းညက်ပန်း။ |
| သိဟ်ရာသီ | ဝါခေါင်လ | ခတ္တာပန်း။ |

| | | |
|---|---|---|
| ကန်ရာသီ | တော်သလင်းလ | ရင်းမာပန်း၊ |
| တူရာသီ | သီတင်းကျွတ်လ | ကြာမျိုးငါးပါးပန်း |
| ဗြိစ္ဆာရာသီ | တန်ဆောင်မုန်းလ | ခဝဲပန်း၊ |
| ဓနုရာသီ | နတ်တော်လ | သဇင်ပန်း၊ |
| မကာရရာသီ | ပြာသိုလ | ခွါညိုပန်း၊ |
| ကုံရာသီ | တပို့တွဲလ | မယ်ဇလီပန်း၊ |
| မိန်ရာသီ | တပေါင်းလ | သဇ်ဖီပန်း။ |

၎င်း ၁၂ ရာသီ ပန်းတို့ ပေါင်းစုသည်ကို 'မှန်းပေါင်း' ခေါ်ဆိုသည်ဟု အမိန့်ရှိလိုက်လေသည်။

ဆရာတော်သည် အမိန့် ရှိပြီးသည် နှင့် ဘုရားစင်တွင် သင်္ကန်းဖြင့် ရစ်ထုပ်ထားသော အထုပ်တစ်ခုကိုယူ၍ ကျွန်ုပ်အား လှမ်း၍ ပေးလိုက်သဖြင့် ဖြေကြည့်လိုက်ရာ အလွန် ဟောင်းနွမ်း နေသော "ဘုရားသိုက်ထွက် ဗျာဒိတ်စာ" ဟူသော ခေါင်းစဉ်ဖြင့် ရှေးပေမူ စာအုပ်ကြီးကို တွေ့ရလေသည်။

ကျွန်ုပ်သည် အထပ်ထပ် ဖတ်ကြည့်ရာ ယခုပစ္စုပ္ပန်ရော နောင်အနာဂတ် ဖြစ်မည့် အခြင်းအရာ များကိုလည်း ကျွန်ုပ်တွင်မက လူတိုင်း လူတိုင်း သိရှိကြပါမှ ပြုသင့်ပြုထိုက် ရှောင်သင့် ရှောင်ထိုက်သည်တို့ကို ပြုကျင့်နိုင်ကြမည် ဖြစ်ပေသည်။

သို့ပါ၍ အများ သတ္တဝါ တို့အား 'ဒုဗ္ဘိက္ခန္တရကပ်, ရောဂန္တရကပ်, သတ္ထန္တရကပ်' ဟု ဆိုအပ်သော ကပ်သုံးပါးမှ ကယ်တင်လိုသော ဆန္ဒပြင်းပြချက်ဖြင့် တွေ့ရှိ ဖတ်ရှုခဲ့ရသည့် ပေမူအတိုင်း အပိုအလိုမရှိ ဖော်ပြလိုက်ပါသည်။

## ဘုရားသိုက်ထွက်ဗျာဒိတ်စကာ

မြတ်စွာဘုရားသခင် သုံးလူ့ရှင်သည် စည်ပင်သာသော ဇူလလဲဘော၌ ဝါဆိုတော်မူသောအခါ...

ပုလလဲဆင်မင်းသည် ကြာပန်းဖြင့် ပူဇော်တော်မူ၏။

သောမ ကြွက်မင်းသည် မြေဇာပန်းဖြင့် ပူဇော်တော်မူ၏။

ကောသလ္လ ကျေးမင်းသည် ဗန္ဓုရ အရက်သီးဖြင့် ပူဇော်တော်မူ၏။

မဟိန္ဒ ကျီးမင်းသည် စကားပန်းဖြင့် ပူဇော်တော်မူ၏။

ထိုလေးဦးတို့ အချင်းအရာကို ညီတော်အာနန္ဒာ မြင်လေသော် နောင်ဖြစ်လတ္တံ့သော အကြောင်းတို့ကို သိုက်ဗျာဒိတ်စကားဖြင့် မိန့်ကြားတော်မူပါဘုရားဟု နားတော်လျှောက်လေလျှင်....

ချစ်သား အာနန္ဒာ ငါဘုရားပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် သာသနာ ၂၀၁၀ ကျော်ခန့် ရှိလျှင် ...

ပုလလဲဆင်မင်းသည် သုနာပရန္တတိုင်းကြီး၌ သာသနာကို ကြည်ညိုသော မြန်မာလူမျိုး မုဆိုးဆက် မင်းမြတ် ဖြစ်လိမ့်မည်။

သောမကြွက်မင်းသည် အိန္ဒိယတိုင်းကြီး၌ သောင်းကျွန်း ကောက်ကျစ်သောဉာဏ်ဖြင့် ထီးဆောင်း နိုင်ငံတွေကို တိုက်ခိုက် လုယူသော အင်္ဂလိပ်လူမျိုး ဖြစ်လိမ့်မည်။

ဆေးသရက်ကျေးမင်းသည် ရေဝဲထွန်းသော ကျွန်းပေါ်များ တွင် မန္တရား အတတ်မျိုး၌ စိတ်ကျွမ်း လိမ္မာသော ရှမ်းလူမျိုး ဖြစ်လိမ့်မည်။

မဟိန္ဒကျီးမင်းသည် တန်ခိုး သတင်း ကျော်စောသော စကြာမင်း ဖြစ်လိမ့်မည်။

ထိုအခါ အင်းကို ဟသ်ာဖျက်လိမ့်မည်၊ ဟသ်ာကို မုဆိုး လေးနှင့် ခွင်းလိမ့်မည်။ မုဆိုးကို ထီးရိုးရိုက်လိမ့်မည်၊ ထီးရိုး ကို မိုးကြိုးပစ်လိမ့်မည်။

သာသနာတော် ၂၃၆၉ ခု ရှိသော အခါ ရတနပူရ အင်းဝပြည်တွင်း၌ ပူးမင်းကို ပင်လယ်ကျွန်းသား၊ အနောက် ကြွားသော နဂါးသတ္တဝါ လူယုတ်မာသည် ရေဝတီမြစ်ကို ဆန်တက်၍ ကြွက်မျိုးများကို ပေါက်လိမ့်မည်။

မိစ္ဆာကျင့်ဆိုး ကုလားမျိုးသည် ပုထိုးရုပ်ပွား စေတီများ ကို တံတားလုပ်၍ လျှောက်လိမ့်မည်။

ငွေစစ်ကိုပွင်၊ ကြေးနီစင်၊ ငွေစင်လုပ်၍ သုံးလိမ့်မည်။

ကိုယ်နှင့်မစပ်၊ ဦးခေါင်းပြတ်၊ ငွေမှတ်ရုပ်ပုံရိုက်လိမ့်မည်။

ဆင်းတု အလား ငါ့ကိုယ်စား လူများအရုပ် လုပ်၍ ဆွဲ လိမ့်မည်။

မြို့ရွာလယ်ကြား ငါ့တရားလူများတေးလုပ် ဆိုလိမ့်မည်။

မုဆိုးဆက်ထူး အစဦးမှာ၊ ပူးမင်းရွာစား ဖြစ်လိမ့်မည်။

မီးတောက်လက်ရုံး၊ ပူးမင်းတုနိုး တိုင်းလုံးနိုင်ငံ ချဲ့လိမ့် မည်။

ပွဲမင်းလောင်းမြတ် ဟိုင်းမျိုးဆက် အာရပ်ဝေးမှာ ဆုံးလိမ့်မည်။

ပွဲမင်းသားမှန် ခြင်္သေ့ပျို ဆက်ခံထီးနန်းသိမ်းလိမ့်မည်။

ခြင်္သေ့ညီတော် ဂဠုန်ကျော် နန်းပေါ်ထီးရိပ် လွှဲလိမ့်မည်။

ဂဠုန်သားစပ် ကျားစင်းမြတ် ပြီဆာဒ်ရွှေဘုံစံလိမ့်မည်။

ကျားမင်းသွေးနီးကြွက်မင်းကြီး ထီးနန်းခဏစံလိမ့်မည်။

ကြွက်မင်း အရောင်ဆား ကျား ညာဏ်ချယ်တိုင်း ကျယ်နိုင်ငံခြဲ့လိမ့်မည်။

မင်းညီချစ်ပွဲ မင်းစစ်ပြောင်းဆာစ် ထီးနန်း စံလိမ့်မည်။

ပွဲမင်းကြီးသား ရှေးဦးဖွား သားမြတ် ခြင်္သေ့ ဖြစ်လိမ့်မည်။

ပွဲခင်းညီရင်း ဆင်ဖြူမင်း အတင်းနန်းလု စံလိမ့်မည်။

ဆင်ဖြူသားကောင်း ပွဲမင်းလောင်း နန်းဟောင်းဆက်ခံ စိုးလိမ့်မည်။ ခြင်္သေ့သားငယ် နဂါးကြွယ် နန်းနွယ်ထီးရိုးတက်လိမ့်မည်။

နဂါးစံရာ နန်းထင်သာ မိစ္ဆာလူမျိုးဖျက်လိမ့်မည်။

လူမျိုးမိစ္ဆာ ဖျက်သောအခါ သာသနာ ရောင်ရှိန်ညှိုးလိမ့်မည်။

ခဏစိုးလာ လူမိစ္ဆာ ဆိုင်ရာ ကြွက်ကျား ကိုက်လိမ့်မည်။

နဂါး၊ ကြွက်၊ ဂဠုန်၊ ခြင်္သေ့စုံ ဂိုင်းအုံထီးနန်း တိုက်လုခန်းမှာ သွေးပန်းချောင်းစီး၊ တိုင်းပြည်ကြီးကို မီးလိုကြိုက်ကြိုက်ဆူလိမ့်မည်။

ခြင်္သေ့မင်းသား၊ ကိုယ်စားထား တစ်ပါးပြည်သို့ ထွက်လိမ့်မည်။

၄၇-ဝယ် ထွက်သည့်နှယ် (လ)ဝယ် ကြယ်နဝင်း ကြယ်ကခွင်းသည် မင်းပြောင်းမင်းလွဲ ကြုံလိမ့်မည်။

တိမ်တံခွန်တန်း ဥဿာသန်း ထက်နန်းဝေဟင် တိတ်ကြီးထင် လျှင်များစွာ လှုပ်လိမ့်မည်။

သူပုန်ရန်သူ ယူမယူကြ ရေလားမလစ ဗိုလ်လူချားစကားနှစ်ခွ ပြောလိမ့်မည်။

ဖိုးဦးတောင်ထက် လူစုံတက် အိပ်မက် မင်းလောင်း မြင်လိမ့်မည်။

မြမန်းတောင်ထက် ဝဂရက် သက်သာပန်းဖြူ နားလိမ့်မည်။

သေခ သတ္တ အဌ နဝ သဲ့ချ အစွန်း အခါသမယတွင် မိတ္ထီလာလွမ်းမိုး စက်ရောင်ညှိုး၍ မုဆိုးပွဲကြီး သိမ်းခါနီးဝယ် ဘုန်းမီးတော ထီးနန်းရမှ ဓမ္မရာဇာ ဘွဲ့သညာနှင့် စကြာမင်းမြတ် ပေါ်လိမ့်မည်။ ဘုန်းကံကြီးမား လေးခင်းလျှာဖျား နဂါးပိုင်း၍ နန်းတင်မည်။

လှေသူဓာတ်ပုံ ရွှေတိဂုံ သုံးပုံမင်းမျိုးစုံလိမ့်မည်။

မင်းမျိုးစုလေ လူဗိုလ်ခြေ သေကြေ ပျက်စီး များလိမ့်မည်။

ရန်ပြေဘုရား တည်စိုက်ထားမှ အများဝေနေ ငြိမ်းလိမ့်မည်။

ကဿပလိုဏ်ပိတ် မန်းတောင်ထိပ် မင်းခေါင် လျှောက်၍ သွားလိမ့်မည်။

ဝတိ စံပျော် နတ်မင်းကျော်က သူတော်ယောဒင်မှ ဖန်ဆင်းကူ၍ ဆင်ဖြူသုံးစီး မြင်းပျံကြီးကို ဆုပြီးဆက်သ-လာလိမ့်မည်။

တစ်စီးစံတင် တစ်စီးဆင်မှာ ဘုရင်တက်စီး ဆင်တစ်စီးမှ ဇနီးမိဖုရား စီးလိမ့်မည်။

အသံကြီးစွာ ပညာထိုးထွင်း မဟာင့်ကင်းခွန်အားပြဒါး သေသူ သိဒ္ဓိရှင် လူစွမ်းကောင်း လေးယောက် သံခမောက်ဆောင်း ထိုမင်းလောင်းစာ နောက်မှပါအတူ ပါလိမ့်မည်။

တိုင်းသူပြည်သား လူအများ သုံးစား ရွှေငွေ ပေါလိမ့်မည်။

ဒသမ သက္ကရာဇ် ဆန်းသည့်နှစ်တွင် ရှင်ချစ်ရာမ ဗုဒ္ဓရာဇာ မင်းလောင်းလျာသည် သက်သာ မန်းတောင် မန်းစက်ချောင်းမှာ မင်းနေသခင်း ထီးနန်းစိုက်လိမ့်မည်။

ရှင်တော်မြတ်စွာ သာသနာ ရောင်ဝါနေသို့ထွန်းလိမ့်မည်။

လူမိုက်ပျောက်ခါ လူလိမ္မာ ထိုခါ အလွန် ပေါလိမ့်မည်။

အေးချမ်းသာယာ တိုင်းပြည်ရွာ ရတနာမိုးကြီး ရွာလိမ့်မည်။

## တစ်ဖန် မှေနီကန်းသိုက် ဟူသည်ကား

ဆယ်ခုတို့ရောက်လျှင် ပနိုးတောင်း သက်သာမှာ မြို့ကြီးတည်လတ္တံ့။

မြို့သက်ကား ၁၀၀၀၊ မင်းဆက်ကား သုံးကျိပ်ခြောက်ယောက်၊ ထိုမြို့ မင်းကိုကား ကုန်းဘောင်မင်းဟူ၍ မှန်းစက်တော်ရာအရပ် ဇင်ပြည်တွင် သိကြားမင်း အမည်ပေးလတ္တံ့။ ထိုမင်းလောင်းကား ရတနာ ဆင်ဖြူသုံးစီးကို အစိုးရလတ္တံ့။

ဆင်ဖြူတစ်စီး၌ကား ဓာတ်တော်ကို တင်လတ္တံ့၊ တစ်စီး၌ကား ဗုဒ္ဓစကြာ တရားတော်ကို တင်လတ္တံ့၊ တစ်စီး၌ မင်းကိုယ်တော်တိုင် စီးလတ္တံ့။ ထိုမင်းပြုခသော အခါမှ ပြည်တွင်း လေးမျက်နှာ ဆာယာလတ္တံ့၊ ရတနာ့မိုး သုံးကြိမ်ရွာလတ္တံ့၊ ဆယ်ခုသို့ မရောက်မီ ကိုးခုမှာကား ပြည်ရွာ အမှုအခင်းများမည်၊ ရတနိုးသံဃာတို့ မချမ်းမသာရှိမည်၊ လူတို့လည်း အဖျင်းတစ်ပါးပျောက်သွား၍ကုန်မည်၊ ခန့်လလည်း မြောက်သို့ အသွားများလိမ့်မည်။

နယုနီလ၊ ဝါခေါင်လ၊ သီဘင်းကျွဘီသမျှားမှာ ကသည်း လူမျိုးတို့ ကျရောက် လာမည်၊ တောင်ထိပ် တောင်ဖျား လေးသမားတို့လည်း မြစ်နား ဆိပ်ဘမ်း နန်းမြို့ ဆင်ခြေဖုံးတိုင် ဆင်းလာမည်၊ မြစ်နဒီ၊ ဝန်းကျင် ခအောက်ဘစ်ခွင်လည်း တစ်ပြည်ရပ်ခြား လွင့်ပါးလိမ့်မည်၊ သက်သာ ပန်းဘောင်း အောင်လိမ့်မည်၊ လူရိုးလူကောင် ထောင်နှင့်အမှု ရှိလိမ့်မည်။ ယောကျ်ားနည်းမပါး မိန်းမများ၍ ခိုက်ပွား ရန်မခန့် ပြုလိမ့်မည်။

အနောက်ဘက်ကား၊ အထက်ကစ၍ ဟောင်းရှင်၊ ချင်း တိုင်အောင် အကုန်ဆင်းလိမ့်မည်။ အရှေ့ဘက်ကသည်း ရှမ်း ကသည်၊ တရုတ်တို့ကြောင့် ညက်ညက် အကုန်ကြေလိမ့်မည်၊

ရွှာအချင်း၊ချင်း၊လည်း မင်း၊များ သောကြောင့် ရန်စစ် အားလုံး၊ဖြစ်လိမ့်မည်။ တရား၊မူ မကောင်းစုသည် ၉၃-ခု အတွင်း ကုန်လိမ့်မည်။

ဆယ်ခုကြုံ၍ ကဆုန်ဆန်း၊စ ရက် အဌမ္မမှာ အမှုဒ္ဓလောင်း မင်းကောင်း၊မင်း၊မြတ် ပေါ်လိမ့်မည်၊ မိုးသည်းစွာ ရွာလိမ့် မည်၊ မြေကြီးလျှောင် ပဲတင်ဟည်းနှက် အိုး၊ထိန်းစက်ကဲ့သို့ သွီး ခါ ပွှက်ပွက် ကဲ့လိမ့်မည်။

ကိုး၊ခု အတွင်း၌ကား မိုး၊လည်း၊မမှန် လသာတန့်၍ ဆန် စပါး ရွှား၊ပါး၊တော့မှတ် ဆပ်မလွတ်၍ မချွတ်သောပျောက် ကြလိမ့်မည်။ ရတနာသုံး၊ပါး၊ကို မပြတ်ကိုး၊ကွယ်၍ ဇော်မှန် ဖြောင့်မတ်သော သူတို့သာ ကြွင်းလိမ့်မည်။ မိမိတို့ ကိုယ်ကို ချမ်းသာအောင် ရွှာကြံကြလေ။

ရှင်းသိုက်ကား ဇာဂရူပုဏ္ဏား စီရင်သော သိုက်နှင့် နတ် စက်ရောင်ဆရာတော် စီရင်သော သိုက်နှစ်သိုက်မှ ဗုဒ္ဓသာ သနာနှစ် ၂၄၉၁ မှ ၂၅၀၁ နှစ်အထိ ဖော်ပြလိုက်ပါသည်။

ဇာဂရူနှင့်နတ်စက်ရောင်သိုက်ကား

၂၄၉၁.... ကမ္ဘောဇ ဒေသဝါသိနော၊ ရှမ်းပြည် အရပ်၌ နေသော သူတို့သည်း ဝိနာသံ၊ ပျက်စီး၊ခြင်း၊သို့ ပါပုနိဿန္တိ-ရောက်ကုန်လတ္တံ့။

ဆိမ်မ‌ေးလွယ်ခါ ရှမ်းတို့ရွာ ကြမ္မာယွင်းယို ကုန်ရှိလတ္တံ့။

၂၄၉၂— ကာမဗွာဇေဒသော၊ ရှမ်းတို့အရပ်၌၊ ဒေဝေါ၊ မိုးသည်၊ အာဝဿာနန္တာ၊ မရွာသည်ဖြစ်၍၊ ဒုဗ္ဘိက္ခံ၊ ငပ်မွတ်ခြင်းသည်၊ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ကာမဗွာဇနယ်၊ ဒေသဝယ်၊ ငတ်မွတ်ခေါင်းပါး ရှိလတ္တံ့။

၂၄၉၃— သီလဲပေမေဟိ၊ သီလကို ချစ်ကုန်သော၊ ဘိက္ခုဟိ၊ ရဟန်းတို့သည်၊ ဝိနာသံ၊ ပျက်စီးခြင်းသို့၊ ပါပုနိဿန္တိ၊ ရောက်ကုန်လတ္တံ့။

တြိန်းနှစ်၊ ဇေယျာမမှာ၊ ကိန်းရောက်ခါ၊ မြတ်စွာ ရဟန်း ပျောက်လတ္တံ့။

၂၄၉၄— အာရိယာ၊ ဖြူစင်မွန်မြတ် ကုန်သော၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ ဟီနကမ္မံ၊ ယုတ်သော အမှုကို၊ စိန္တိတာ၊ ကြံကုန် ည်၊ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။

လူ့တာသည်းခံ၊ ကျင့်မမှန်၊ ဖောက်ပြန် ရဟန်းများလတ္တံ့။

၅၅— ရာဇဝံအမစ္စော၊ မင်း၏ အမတ်သည်၊ အတ္တနော မိမိ၏၊ သာမိကံ၊ အရှင်ကို၊ ဟီနကမ္မံ၊ ယုတ်သော အမှုကို၊ စိန္တေဿတိ၊ ကြံလတ္တံ့။

မင်းတုယွဲည်း ကြံ၊ ကျင့်ဖောက်ပြန်၊ ပုန်ကန်
ထမတ်မြူးလတ္တံ့။

၂၄၉၆— ပဓးကျွရှယုတ္တ၍ာနေ၊ မြန်မာတို့အရပ်၌၊ ဖက္ကုဏ်
မာသော၊ တပေါင်းလ၌၊ စတ္တာရော ဝိဇ္ဇာဓရ
ဒေဝါ၊ လေးယောက် ကုန်သောဝိဇ္ဇာမိုရ် နတ်တို့
သည်၊ အာဂမိဿန္တိ၊ လာရောက်ကုန် လတ္တံ့။

သော်တာလည်းကူး၊ကိန်းနှင့်ပူ၊ လေးဦးတောင်
မျက်နှာက ရောက်လတ္တံ့။

၂၄၉၇— ဓညပုညဲဆူကွာ သမ္ပန္နော၊ ဘုန်း ကျက်သရေ
လက္ခဏာနှင့် ပြည့်စုံသော၊ ရာဇာ မင်းသည်၊
ပလ္လင်္ကဟ်၊နန်းဦး၊ကင်းသို၊ဥဂ္ဂစ္ဆတိ၊တက်လတ္တံ့။

တောင်တာဝေ၄၊ လူတို့မျှ၊ နန်းမဦး၊ဆောင်၊ ထွက်
ဝင်မစဲ၊ ပွဲလတ္တံ့။

၂၄၉၈— ဓိနပဒေဓော၊ စိန်တိုင်းအရပ်၌၊ ဓောတုံပရ
နဂရေ၊ ဓောင်းတုံမြို့၌၊ ဘယဝဇ္ဇတ္တော၊ ဘေး
ရောက်သောကြောင့်၊ သုဗ္ဗဇနာနိ၊ လူခပ်သိမ်း
တို့သည်၊ ရာသီရာသီ၊ အစုအစု၊ ဆရိဿန္တိ၊ ပြု
ကုန်လတ္တံ့။

အင်္ဂနှင့် နဝ၊ ဇယဒွေကြုံ၊ မြို့ဓောင်းတုံ၊ ဗိုလ်ပုံ
အစုပြုလတ္တံ့။

၂၄၉၉ ... စတ္တာ့ရိကုလာနိ၊ အမျိုးလေးပါးတို့သည်၊ ဝိသုံ ဝိသုံ၊ အသီးအသီး၊ အဟံမာနံ၊ ငါဟူသော မာန်မူခြင်းကို၊ ကာရိဿန္တိ၊ ပြုကုန်လတ္တံ့။

နောနောဇယာ၊ ရောက်သောခါ၊ လေးဖြာ လူမျိုး မျက်ပွားမာန်စောင် ထိုးလတ္တံ့။

၂၅၀၀ ... ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏၊ သာသနက္ခယာ၊ သာသနာတော် ကုန်သောကြောင့်၊ အဇ္ဈာယာစိတ်၊ သိကြားမင်း တောင်းပန်အပ်သော၊ သိဿာအန်၊ သာသနာတော်ကို၊ အပ္ပမာဒေန၊ မမေ့မလျော့သဖြင့်၊ ရက္ခိဿတိ၊ စောင့်ရှောက်လိတ္တံ့။

မြေနှင့်နဂါး၊ ကြွက်နှင့်ကျား၊ ရှောက်ပြေးထိုခါ၊ သာသနာ၊ ဒေဝါနံတို့များ၊ ကျူလတ္တံ့။

—၀—

# ကပ်မှလွတ်အောင်

ဤကပ်ကြီး၊ဆိုက်ခဲ့သော်....

'မိုးပေါ်မှာ ဗြဟ္မာ၊ နတ်တောင်မှ ခေါင်းကုတ်လို့ မှိုင်ခါနေ' ဟု ရှေးပညာရှိကြီးတို့က ဝစ်ဆင့်စကားကို ကြားသိရပါသည်။ ဗြဟ္မာ၊ နတ်တို့မည်သည် မိ တို့ တန်ခိုးအားဖြင့် လိုရာကို ရနိုင် ဖန်ဆင်းနိုင်သော်လည်း၊ ဤကပ်ကို မကယ်နိုင်ဟု ဆိုခြင်းမှာ မှန်ကြောင်းဝန်ခံရပေမည်။

သတ္တဝါတို့၏ သုခ၊ ဒုက္ခသည် မိမိတို့၏ အကျင့်တရား ဟူသော အကြောင်းတရားပေါ်တွင် တည်နေပေသည်။

အကြင်သူသည် အကုသိုလ် အကျင့်ကို ကျင့်က အပါယ်လေးပါးသို့ မုချရောက်ရပေမည်။

အကြင်သူသည် ကုသိုလ်အမှုကို ပြုအံ့၊ ထိုသူသည် ကောင်းရာ သုဂတိသို့ ရောက်ရပေမည်။

ယခု လူအများတို့တွင် များလှစွာသော ဘေးအမျိုးမျိုးကို တွေ့ကြုံရခြင်းမှာ လူတို့၏ အကျင့်တရား၊ တည်းဟူသော အကြောင်းတရားက ခေါ်ဝင်သဖြင့် အကျိုးတရား၊တည်းဟူသော ဘေးအန္တရာယ်သို့ ရောက်လာကြပေသည်။

သို့အတွက် ထိုဘေးတို့မှ လွတ်လိုမူ ဘေးလွတ် အကျင့်တရား ဘေးပျောက် အကျင့်တရားတို့ကို ကျင့်ကြံ အားထုတ်ကြပါမှ ဘေးလွတ် ချမ်းသာမည်ဖြစ်၍ မိမိတို့၏ စိတ်ဓာတ်ကို ပြုပြင်ရန် အချိန်တော်ပေပြီ။

## သိကြားသာသနာ

ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးသည် နှစ်ပေါင်း ၅၀၀၀ ထားခဲ့သည့်အနက် ၂၅၀၀-ကို ဘိုးတော် သိကြား မင်းကြီး ကိုယ်တိုင် သာသနာတော် မြတ်ကြီးကို စောင့် ရှောက်ရန် တာဝန်ရှိကြောင်း။

သို့မှသာ သာသနာ ၅၀၀၀ အမွန်ရှည်ကြာစွာ ထွန်း ပြောင်တည်တံ့မည်ဖြစ်၍ သိကြားမင်းကြီး ကိုယ်တိုင် စတု လောကပါလ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်အပေါင်း တို့နှင့် သိဒ္ဓိရှင် ဝိဇ္ဇာဓိုရ်ကြီးများ အပေါင်းတို့ကပါ သာသ နာတော်မြတ်ကြီး၏ ဆူးငြောင့် ခလုတ်ဖြစ်သော နတ်ဆိုး နတ်ယုတ်မာ လူဆိုး လူယုတ်မာ မကောင်းသူ အပေါင်း တို့ကို ဖျက်ဆီးသုတ်သင် ဆေးကြောကာ တိုင်းပြည်တွင် သာသနာ စည်ပင်ထွန်းကား၍ သမထ ဝိပဿနာ အဓိဋ္ဌာန် သီလများကို ကြိုးစား အားထုတ် ကျင့်ကြံကြ ကုန်လော့။

သူတော်ကောင်း အပေါင်းတို့အား ဆိုင်ရာ ဆိုင်ရာ အထက် နတ်မင်းကြီး များနှင့် ဝိဇ္ဇာဓိုရ် ဆရာကြီး များက အထူး စောင့်ရှောက် စိုင်းဝန်း အားပေးကြရန် အချိန်ဘန် သည်၊ သာသနာ တစ်ဝက်လဲရန် ၂-နှစ်မျှသာ လိုပါတော့ သဖြင့် စိတ္တသုခ, ကာယသုခနှင့် ပြည့်စုံ၍ ဗုဒ္ဓသာသနာပွဲကြီး တွင် ပါဝင်ဆင်နွှဲနိုင်ရန် အားသာ ဝိပဿနာ အဓိဋ္ဌာန်သီလ

သိဒ္ဓိပေါက် ကျင့်စဉ်များကို ကြိုးစား၍ အားထုတ်ကြပါလေ။

ကပ်သုံးပါးမှ ကျော်နင်း၍ သာသနာ့အလင်းရောင်ကြီးကို ဖူးတွေ့နိုင်ပါစေသော်။

---o....

## ဝိသေသပတ္ထနာ

ဝိသေသ ပရမ သုဒ္ဓေါဘာသာ၊ အထူးမွန်မြတ် သန့်ရှင်းခြင်းကြွယ်သော စိတ်ဖြင့်၊ ရစိတာ၊ ကိုယ်တိုင်ကြိုးပမ်းဉာဏ်စွမ်းရှုရှု လုံ့လပြု၍ စီရင်ရေးသားပြုစုအပ်သော ဗြဟ္မာ့ဂန္ထ 'အင်းနှင့်စမ ထူးပြဂုဏ်ရည် ထွက်ရပ်ဆိုသို့ ဓာတ်လိပ်ပိုခန်း၊ ဤပထမံ စမဝိဇ္ဇာဝို၏ သိဒ္ဓိပေါက်ကျင့်စဉ် များကို၊ အတာ၊ ကဝိဘာဝကိ နာမည်သမုတ် အကျွန်ုပ်သည်၊ ဒါနိ ကုဒါနိ၊ ယခုအခါ၌ နိဋ္ဌိတာ၊ ဘေးမသိရန်မခ၊ ချမ်းမြကြည်ရွှင် ပြီးဆုံးခြင်းအစဉ်သို့၊ ပတ္တော ရောက်ရသည်။ ဘဝါမိ၊ ဖြစ်၏။

ဣမိနာ ပုညေန၊ ပထမံ စမဝိဇ္ဇာဝိုလိ သိဒ္ဓိပေါက်တဆူး နှင့် ထွက်ရပ်ပေါက် ကျင့်စဉ်များတို့ကို အားပါးတရ ရေးစီပြုရသော ကုသိုလ်ကြောင့်၊ နိဗ္ဗာနံ၊ သန္တိသုခံ, ဝိဝဋ္ဋအမှန် မြတ်နိဗ္ဗာန်သို့၊ သီဃံ၊ စိတ်သန့်ရည်စော လျင်မြန်စွာ ပါပုဏေယျာမိ၊ ကြန့် ထုတ်ချောက်ကြ ဘဝ မထွေ ရောက်ရပါလို၏။

နိဗ္ဗာနံ၊ အို, နာ, သေဘေး လွတ်ရေးအမှန် မြတ်နိဗ္ဗာန်သို့၊ အပ္ပတ္တော၊ မရောက်သေးသမျှ၊ ဟူတော ပဋ္ဌာသယ၊ ဤယခု

နေ့မှစ၍။ ဆဗ္ဗဝိဇ္ဇဓရပုဂ္ဂလ၊ "ပထမံ ဘိုးဘိုးအောင်နှင့်
တကွ အလုံးစုံသော ထွက်ရပ်စခန်းသို့ ကြွမြန်းတော် မူကြ
ကုန်သော ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် အပေါင်းတို့
သည်။ မှ၊ ကဝိဘာဏီ စနေအညီဖြင့် နာမည်သမုတ် အကျွန်ုပ်
ကို။ သဒါ၊ နေ့ညချိန်ပါ ဘယ်ခါမပြတ်၊ ရက္ခန္တ၊ ကရု
ဏာ တရား မေတ္တာထား သနား ကြင်နာ ဆောင်၊ စွး
စောင့်ရှောက်တော် မူနိုင်ကြပါစေကုန်သတည်း။

—ပြီးပြီ—